မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၇)

အရိယ သစ္စာန ဒဿနံ စ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်က ပြည့်ဆည်းတည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို အခြေခံပြီး ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက် နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်

နေပြည်တော် မတ် ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဗိုလ်ချုပ်သာအေး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၂ ရက် နံနက် ၉ နာရီခွဲတွင် လေယာဉ်ဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့မှ ကော့သောင်းမြို့သို့ရောက်ရှိပြီး ရှေးဦးစွာ မဇ္ဈိမသုကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတော်အာဏာဆိုတာက အချုပ်အခြာအာဏာဖြစ်တယ်။ အချုပ်အခြာအာဏာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာဆိုပြီး အာဏာသုံးရပ်ရှိတယ်။ ဒီနေ့ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေတာဖြစ်လို့ အဆိုပါ အာဏာသုံးရပ်စလုံးကို တပ်မတော်က ပြည်သူလူထု ကိုယ်စား ထိန်းညှိကျင့်သုံးနေတယ်။

ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးချိန်မှာ အဲဒီအာဏာသုံးရပ်ကို ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ပြည်သူလူထုရဲ့ကိုယ်စား ကျင့်သုံးသွားနိုင်တော့မှာ ဖြစ်တယ်။

အငြိမ်းစားဝန်ထမ်းတစ်ဦး၏ နှလုံးလှ ဒီမိုကရေစီ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၅ ရက်)

အမျိုးသားပညာရည်မြင့်မားရေး ဖြည့်ဆည်းဖော်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်း

နိုင်ငံတော်က အဆင့်မြင့်ပညာသင်ကြားမှု အခွင့်အလမ်းများကို ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးများသာမက ပြည်ထောင်စုကြီး၏ အချက်အချာကျသည့် ဖွံ့ဖြိုးရေးဒေသများအထိ လေ့လာသင်ကြားနိုင်ရေး အဆင့်လိုက်ဖော်ဆောင်ပေးလျက် ရှိသည်။

တနင်္သာရီဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်နှင့် မြိတ်ဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်ပြီး ချမှတ်ဖော်ဆောင်ပေးခဲ့သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ စီးပွားကုန်သွယ်ရေး၊ လေကြောင်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍများကိုပါ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ဖြစ်ထွန်းနေပြီ ဖြစ်သည်။

ယခုအခါ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ် အဆောက်အအုံသစ်ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် အရည်အသွေးပြည့်ဝသည့် ပညာတတ်များ ပေါ်ထွန်းလာစေရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ကို မြှင့်တင်ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်သည်။

နိုင်ငံတော်သစ်ပေါ်ထွန်းရေး ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံသူနိုင်ငံသားတိုင်း ပညာရည်မြင့်မားပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝနေရန်နှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံနေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က အနာဂတ်ကိုမျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

တိုင်းရင်းသားပြည်သူများ အသိဉာဏ်ဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တွေးခေါ်မြော်မြင်နိုင်သည်နှင့်အမျှ အဆိုးမြင်ဝါဒီများ၏ လုပ်ကြံဖန်တီးပုံဖော်နေမှုများကို မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်နိုင်ကြမည် ဖြစ်သည်။

ဆရာ ဆရာမများအနေဖြင့် လူငယ်များကို ပညာရည်မြင့်မားတိုးတက်ရုံသာမက ဆင်ခြင်တွေးတောတတ်သည့် အသိဉာဏ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံဖြစ်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ရှင်သန်နိုးကြားစေရေး လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်အတူ ပညာရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် မန္တလေးမြို့ ပေါက်မြိုင်တိုက်အုပ်ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အမှူးထား၍ ဦးကျောက်လုံးပရဆေးဆိုင် ဦးမောင်ကို-ဒေါ်မြခင်နှင့် သားသမီး၊မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တိုင်းဥက္ကဋ္ဌ စေတီအထွတ်သို့ တင်လှူ

နေပြည်တော် မတ် ၄

မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက် နံနက်ပိုင်းက သီဟိုဠ်ရှင်မြတ်စွာဘုရား၏ ရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး မကွေးတိုင်း(နယ်မြေတာဝန်ခံ) အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မကွေးတိုင်းနှင့် ပခုက္ကူမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ဥပါသကာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။(အပေါ်ပုံ)

ရှေးဦးစွာ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့သည် သီဟိုဠ်ရှင်မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ကြပြီး နိုင်ငံတော် ဩဝါဒါစရိယပဓာနနာယက မဟာဝိသုတာရာမ (အလယ်တိုက်) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက်ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရဝဏ်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ရေစက်ချ

ထို့နောက် တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့တိုက်) ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနေမိန္ဒထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဇိနသုခ စိန်ဖူးတော်ကိုဝန်ကြီးကလည်းကောင်း၊ ငှက်မြတ်နားတော်ကို တိုင်းဥက္ကဋ္ဌနှင့် ဆည်းလည်းခွေတော်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးသန်းကလည်းကောင်း၊ ဆည်းလည်းခွေ နှစ်ဆင့်တော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကလည်းကောင်း ပင့်ဆောင်၍ စေတီတော်အားလက်ယာရစ်လှည့်လည်ပူဇော်ပြီးစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော် အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကာစက်ခလုတ်နှိပ်၍တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ပြီး ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့က ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြကာ ဆရာတော်၊ သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တိုးတက်ရေး

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ တိုင်း၊ ခရိုင်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် ပခုက္ကူစက်မှုဇုန်ရှိ ရွှေညီနောင် မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းနှင့် ရိုးမရာဇာ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းတို့သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်ကပ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် မဟာဝိသုတာရာမ (အလယ်တိုက်)ကျောင်းသို့ ရောက်ရှိပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၃၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၂၇)
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသ သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ ICT သုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၂)

အမှတ် ၁၆ ၁ရပ်ကွက် သုမန ၁လမ်း သမဝင်း သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြအောင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ
ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ ဆွေးနွေးတင်ပြ

ဆောင်ရွက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ (နံနက်ပိုင်း) သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ (မွန်းလွဲပိုင်း) သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဆောင်များ၊ ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း ယခင်နှစ်များကဲ့သို့ ဦးတည်ချက်များချမှတ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ– **ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံးရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် အမျိုးသမီးထုတစ်ရပ်လုံးကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ရေး၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူ ပြည်တွင်း၊ ပြည်ပအဖျက်သမားများအန္တရာယ်ကို အမျိုးသမီးထုစည်းရုံးမှုအားဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေး၊ အမျိုးသမီးများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း။**

စုပေါင်းဆောင်ရွက်

ယခုကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးကြီးတွင် ၂၀၀၇ခုနှစ် တစ်နှစ်တာကာလလုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ရုံသာမက ဖော်ပြခဲ့ပြီးဖြစ်သည့် ဦးတည်ချက်(၉)ရပ်နှင့်အညီ “အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝလုံခြုံရေး၊ လူမှုစီးပွားမြှင့်တင်ရေးနှင့် စည်းရုံးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ပီပီပြင်ပြင် ချမှတ်နိုင်အောင် ကျေကျေလည်လည်ပါဝင်ဆွေးနွေးကြရန်ဖြစ်ပြီး နိုင်ငံတော်၏ ဦးဆောင် လမ်းညွှန်မှုများနှင့် အညီ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလုံးက စည်းလုံးချစ်ခင်ရင်းနှီးစွာဖြင့် အမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ကောင်းမြတ်သော လုပ်ငန်းများကို အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်သွားနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သဘာပတိ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့အစီအစဉ်များကို နံနက်၁၀နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်လိန်းမောင်းပန်က ဆောင်ရွက်သည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းပြီး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက တင်ပြကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းကလည်းကောင်း၊ ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အုန်းရင်ကလည်းကောင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်စိန်ကလည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာကလည်းကောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် သဘာပတိ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်ခင်မိုးဥက ဆောင်ရွက်သည်။

လုပ်ငန်းဆောင်ရွက်မှု

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အစီရင်ခံစာများကို ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဒေါ်စန္ဒာသန်းကလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းကလည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြမြင့်သူကလည်းကောင်း၊ တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က လည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌဒေါ်ခင်ဆွေညွန့်က လည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌဒေါ်မြင့်မြင့်အုန်းကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၏ တင်ပြချက်များ အပေါ် သဘာပတိ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါ နှစ်ပတ်လည် အစည်းအဝေးကို မတ်၅ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အုန်းရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန် ကင်ညာပြဿနာ ကြားဝင်ဆောင်ရွက်ပေးနိုင်ခဲ့

နိုင်ရိုဘီ မတ် ၄

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်သည် ကင်ညာနိုင်ငံမှ ပြိုင်ဘက်နိုင်ငံရေးခေါင်းဆောင်များ အကြား သဘောတူညီမှုရအောင် ကူညီဆောင်ရွက်ပေးပြီးနောက် ယခုအခါ ကင်ညာနိုင်ငံမှ အိမ်နီးချင်း ယူဂန္ဒာနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ကြားဝင်စေ့စပ်

အတိုက်အခံတို့ဘက်မှ မဲခိုးပါသည်ဆိုသော ဒီဇင်ဘာလက ကင်ညာသမ္မတ ရွေးကောက်ပွဲအပြီး စတင်ဆူပူအကြမ်းဖက်မှုကြောင့် ထောင်နှင့်ချီ၍သေဆုံးခဲ့ရသည်။ ထိုအခြေအနေဆိုးများ ကြုံသည့်အတွက် နှစ်ဖက်ကျေရာကျေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ကြားဝင်စေ့စပ်ပေးခြင်းဖြစ်သည်။ အာဏာခွဲဝေရေး သဘောတူညီချက်အရ အတိုက်အခံခေါင်းဆောင် အိုဒင်ဂါသည် ဝန်ကြီးချုပ်ရာထူးရရှိမည်ဖြစ်သည်။

ပြောကြား

အခြေအနေတိုးတက်မှုရှိမရှိ အကဲခတ်ရန် မစ္စတာကိုဖီအန်နန်သည် ကင်ညာနိုင်ငံသို့ ပြန်လာဦးမည်ဖြစ်ကြောင်း ပြောကြားထားသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ဘရုချ်မြို့တွင် မတ်၁ရက်က မုန်တိုင်းတိုက်ခတ်ရာ သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကာ လဲကျမှုကြောင့် ပျက်စီးသွားသော ရထားတစ်စင်း၏ခေါင်းပိုင်းကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပ၌ အလုပ်လုပ်ကိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ၂၀၀၇ ခုနှစ်၌ နှစ်ဆတိုးပွားလာပြီး လူဦးရေရှစ်သိန်းကျော်ရှိ

ဒါကာ မတ် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလုပ်သမားများသည် ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ကြရာတွင် ၂၀၀၆ ခုနှစ်နှင့် နှိုင်းဆလျှင် ၂၀၀၇ ခုနှစ်၌ နှစ်ဆတိုး လာကြောင်း ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သည့် ဒေးလီးစတားသတင်းစာက မတ်၂ရက်တွင် ဖော်ပြသည်။

ရေးသားဖော်ပြ

၂၀၀၆ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ကြသူပေါင်း၃၈၁၀၀၀ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် သွားရောက်လုပ်ကိုင်သူ အလုပ်သမားပေါင်း ၈၃၂၀၀၀ အထိမြင့်တက်လာကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများကို အဆိုပါ သတင်းစာက ရေးသားဖော်ပြသည်။

အလုပ်လုပ်ကိုင်ခဲ့

ယခုနှစ် ပထမနှစ်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ပသို့ သွားရောက်အလုပ်လုပ်သူပေါင်း ၁၅၉၀၀၀ ရှိသွားပြီဖြစ်ကြောင်း၊ ယမန်နှစ် အလားတူ နှစ်လက အလုပ်သမား ၇၈၀၀၀ အထိသာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြောင်းစာရင်းဇယားများတွင် ဖော်ပြသည်။

အများဆုံး

လောလောဆယ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်ပသို့ထွက်ပြီး အလုပ်လုပ်ကိုင်သူပေါင်း ငါးသန်းကျော် ရှိသည်။ အများဆုံး သွားရောက်သော ဒေသများမှာ ရေနံကြွယ်ဝသောပင်လယ်ကွေ့နိုင်ငံများနှင့် အရှေ့တောင်အာရှဒေသနိုင်ငံများ ဖြစ်သည်။

အဓိကစီးပွားရေး

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကစီးပွားရေးတည်ငြိမ်ရေး အရင်းအမြစ်တစ်ခု ဖြစ်သည်။ ယင်းအလုပ်သမားများက အလုပ်လုပ်ရသောငွေများကို အမိနိုင်ငံရှိမိဘများထံတင်ပို့ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၆ ဘီလီယံရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့၏ မြောက်ဘက်ကီလိုမီတာ ၄၀အကွာရှိ ကတ်ရှ်မီးယားဒေသမှ ချူးဒါရာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် မီးလောင်နေသည်ကို မတ် ၂ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းစစ်သွေးကြွများ ဒုံးကျည်ဖြင့်ဆက်လက်ပစ်ခတ်

ဂါဇာ မတ် ၄

ပါလက်စတိုင်းတစ်ရာနီးပါးခန့် သေဆုံးခဲ့သည့် ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့၏ နှစ်ရက်ကြာ ကျူးကျော်မှုကြီးပြီးနောက် ယင်းကမ်းမြောင်ဒေသမြောက်ပိုင်းမှဆုတ်ခွာသွားသော အစ္စရေးတပ်ဖွဲ့ဝင်များရှိရာ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ပါလက်စတိုင်းတိုက်ခိုက်ရေးသမားများက မတ် ၃ ရက်တွင် လက်လုပ်ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်ခဲ့ကြသည်။

သတင်းထုတ်ပြန်

ယင်းသို့ ပစ်ခတ်သည့်အတွက် ကမ်းရိုးတန်းမြို့သို့ ဒုံးကျည်သုံးစင်းကျရောက်ခဲ့သဖြင့်အိမ်တစ်လုံးပျက်စီးခဲ့ကြောင်း၊ သို့သော်လည်း အသေအပျောက်မရှိကြောင်း၊ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုများသည်လွန်ခဲ့သည့်ကာလများကလည်း အာ့ချ်ကီလန်မြို့တွင်းသို့ ဒုံးကျည်များဖြင့် မကြာခဏ ပစ်ခတ်ခဲ့သော်လည်း ၎င်းတို့၏ ပစ်မှတ်သို့ ရောက်ရှိခြင်း မရှိခဲ့ကြောင်း အစ္စရေးစစ်တပ်အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

အခိုင်အမာ

ဟားမတ်စ်အဖွဲ့၏ အဖွဲ့ခွဲဖြစ်သည့် အက်ဇ်အယ်လ်ဒီးန်အယ်လ်ကက်ဆမ်အဖွဲ့မှအစ္စရေးဆိပ်ကမ်းမြို့ အာ့ချ်ကီလန်သို့ဒုံးကျည်တစ်စင်း ပစ်ခတ်ခဲ့ခြင်းမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

အာ့ချ်ကီလန်မြို့ကို ပစ်မှတ်ထားတိုက်ခိုက်သော ဒုံးကျည်များဒဏ်ကိုမခံနိုင်မှုကြောင့် ရှောင်ထွက်သွားသော ဒေသခံဦးရေမှာ ၁၅၀၀၀၀ မှ ၄၀၀၀၀၀ အထိ ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘာလီကျွန်း၌ကျင်းပမည့် အနုပညာပွဲတော် နိုင်ငံငါးနိုင်ငံမှ လူမျိုးများဂီတဖျော်ဖြေမည်

ဂျကာတာ မတ် ၄

ဇွန်-ဇူလိုင်တွင်ကျင်းပမည့် အကြိမ် (၃၀)မြောက် ဘာလီအနုပညာပွဲတော် ကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများ(အာစီယံ)၏ လူမျိုးများဂီတပွဲတော်တွင် နိုင်ငံငါးနိုင်ငံက ပါဝင်ဖျော်ဖြေရန် အတည်ပြုလိုက်ကြောင်း အင်တာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြား

အဆိုပါ ဂီတပွဲတော်သို့ ပါဝင်ဆင်နွှဲကြမည့် နိုင်ငံငါးနိုင်ငံတွင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ မလေးရှားနှင့်အိမ်ရှင် အင်ဒိုနီးရှားတို့ဖြစ်ကြောင်း ဘာလီယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဌာန ယဉ်ကျေးမှုဆိုင်ရာအကြီးအကဲက မတ် ၂ရက်တွင် ပြောကြားသည်။

ဘာလီအနုပညာပွဲတော်ကာလအတွင်းဂီတနှင့် ပတ်သက်၍ ဖျော်ဖြေတင်ဆက်မှုများပြုလုပ်သွားရန် စီစဉ်ထားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဂျာဗားနှင့် ဘာလီကျွန်းတို့မှ လူမျိုး၏ဂီတဖြင့်ဖျော်ဖြေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရုပ်သေးပါဝင်

အဆိုပါ ပွဲတော်ကာလအတွင်း နိုင်ငံတကာရုပ်သေးပွဲတော်လည်း ပါဝင်ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း၊ ယင်းရုပ်သေးပွဲတော်တွင် နယူးဇီလန်၊ အမေရိကန်၊ ဂျပန်၊ ဗြိတိန်နှင့် အိမ်ရှင် အင်ဒိုနီးရှားနိုင်ငံတို့က ပါဝင်တင်ဆက်သွားမည်ဖြစ်ကြောင်းသတင်းတွင်ဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၈ခုနှစ်ကို ခရီးသွားနှစ်အဖြစ် ကြေညာထားသည်။ ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ဖြစ်သည်ဟုဆိုသည်။ ဘာလီကျွန်းသည်ခရီးသွားများ အဓိကလာရောက်ရာ ဒေသဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ဘာလီကျွန်း၌ပွဲတော်များကျင်းပခြင်းဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူများကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ ကားဗုံးနှစ်လုံးပေါက်ကွဲ အနည်းဆုံး ၁၉ဦးသေဆုံး ၄၅ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ မတ် ၃ရက်က ကားဗုံးနှစ်လုံးသီးခြားစီ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၉ဦးသေဆုံးပြီး ၄၅ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

၄၅ဦးဒဏ်ရာရရှိ

တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်း လူစည်ကားရာ ဈေးဆိုင်တန်းတစ်ခု၌ ကားဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး၁၅ ဦး သေဆုံးပြီး ၄၅ဦးဒဏ်ရာရရှိသွားသည်။

အသေခံကားဗုံးခွဲ

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းရဲတပ်ဖွဲ့ ဌာနချုပ်၌လည်း အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့ရာ ရဲအရာရှိနှစ်ဦး အပါအဝင် လေးဦးသေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့၌ အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ရောက်ရှိနေခြင်းကြောင့် လုံခြုံရေးတင်းကျပ်လျက်ရှိသည်။ (အင်တာနက်)

ဘဝအမောပြေ

ပြန်ဆပ်ပါ့မယ်...

ငွေချေးပြီး ပြန်မပေးသဖြင့် တရားရုံးသို့ရောက်လာသူ တရားခံ တစ်ဦးအား တရားသူကြီးက စစ်မေးလေသည်။

တရားသူကြီး	။	။	ငွေချေးခဲ့တယ်ဆိုတာ ဟုတ်ပါသလား။
တရားခံ	။	။	မှန်ပါတယ်။
တရားသူကြီး	။	။	ဒါဆိုရင် ဘာလို့ ပြန်မဆပ်တာလဲ။
တရားခံ	။	။	ငွေချေးတုန်းကရမယ်ပြောပြီး တစ်လလောက်နေမှ ရခဲ့တာပါ။
တရားသူကြီး	။	။	အဲဒီတော့ ဘာဖြစ်သလဲ။
တရားခံ	။	။	အခု ငွေပြန်တောင်းထားတာ တစ်ပတ်ပဲ ရှိပါသေးတယ်။ သူ့လိုပဲ တစ်လလောက်ကြာမှ ပြန်ဆပ်မယ်လို့ ဆုံးဖြတ်ထားလို့ပါ။
တရားသူကြီး	။	။	**"ဟေ"**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ယူဂန္ဒာနိုင်ငံဆိုသည်မှာ....

သတင်းအက်ဆေး

ယူဂန္ဒာသမ္မတနိုင်ငံသည် ဗဟိုအာဖရိက အရှေ့ပိုင်းတွင် တည်ရှိသည်။ ယူဂန္ဒာသမ္မတနိုင်ငံမှာ ၁၉၈၀ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင်မှ အသူတရာနက်သော ပြည်တွင်းစစ်ချောက်ကြီးနှင့် ရုတ်တရက်ဖြစ်ပွားလာသည့် စီးပွားရေးကပ်ဘေးမှ ရုန်းထွက်ကာ အတော်အသင့် ငြိမ်းချမ်းတည်ငြိမ်သည့် အခြေသို့ ရောက်ရှိကာ ကြွယ်ဝချမ်းသာစ ပြုလာသည်။

စတေးခံ

သို့သော် အာဖရိကတိုက်တွင် အရက်စက် အကြမ်းကြုတ်ဆုံးသော ပုန်ကန်သောင်းကျန်းမှုကြောင့် နိုင်ငံမြောက်ပိုင်းမှာ ပြည်သူအသက်ပေါင်းများစွာ စတေးခံလိုက်ရသည်။

နာမည်ပျက်

၁၉၇၀ပြည့်လွန်နှစ်များနှင့် ၁၉၈၀ပြည့်လွန်နှစ်များအတွင်းတွင် ယူဂန္ဒာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်၍ နာမည်ပျက်ခဲ့ရသည်။ ပထမအကြိမ်မှာ အာဏာရှင် အိုင်ဒီအာမင် အုပ်စိုးသည့် ၁၉၇၁ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကာလအတွင်းက ဖြစ်သည်။ ယင်းနောက် ၁၉၇၁ခုနှစ်တွင် အိုင်ဒီအာမင် ဖြုတ်ချလိုက်သော မစ်တန်အိုဘိုတေ ၁၉၈၀ပြည့်နှစ်တွင် အာဏာပြန်ရပြီးနောက် ကာလဖြစ်သည်။

လူလေးသိန်းကျော် ငါးသိန်းသေဆုံးရသည့် ယူဂန္ဒာနိုင်ငံ၌ ၁၉၈၆ခုနှစ်က မူဆီဗီနီသမ္မတဖြစ်လာသည့်အခါတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော်။ စီးပွားရေးလည်း အထိုက်အလျောက် တိုးတက်လာ။ ငွေကြေးဖောင်းပွမှုမှာလည်း သိသိသာသာ ကျဆင်းသွားခဲ့။

မျက်မောက်ခေတ် ဆူဒန်နိုင်ငံတောင်ပိုင်းမှ ပြောင်းရွှေ့လာကြသော နီလိုတစ်စကားပြောသူများ ထူထောင်သည့် ယူဂန္ဒာ၊ ဘန်ယိုရိုနှင့် အင်ကိုးပြည်နယ်များကို ၁၅၀၀ပြည့်နှစ်က ဘီတို မင်းဆက်များအုပ်ချုပ်သည်။ ၁၇၀၀ပြည့်နှစ်တွင် ယူဂန္ဒာပြည်နယ်က ဘန်ယိုရိုပြည်နယ်ကို ကျူးကျော်နယ်ချဲ့သည်။ ၁၈၄၀ပြည့်လွန်နှစ်များတွင် အိန္ဒိယသမုဒ္ဒရာ ကမ်းခြေမှ မွတ်စလင်ကုန်သည်များက ဘူဂန္ဒာမှ ဆင်စွယ်၊ အာဖရိက ကျွန် များကို ၎င်းတို့ပါလာသည့် လက်နက်များ၊ အဝတ်အထည်များနှင့် လဲလှယ်သည်။ ၁၈၇၅ ခုနှစ်တွင် ဘူဂန္ဒာဘုရင် မူတေဆာက ခရစ်ယာန်သာသနာပြုများကို သူတို့နိုင်ငံအတွင်း ဝင်ခွင့်ပြုသဖြင့် ၁၈၇၇ခုနှစ်တွင် ဗြိတိသျှသာသနာပြုအဖွဲ့ ဘူဂန္ဒာသို့ ရောက်လာကြသည်။ ၁၈၇၉ ခုနှစ်တွင် ပြင်သစ် ရိုမန်ကက်သလစ် သာသနာပြုအဖွဲ့ ရောက်လာပြန်သည်။ ၁၈၉၀ပြည့်နှစ်တွင် ဗြိတိန်နှင့်ဂျာမနီတို့ သဘောတူညီပြီး ဗြိတိန်လုပ်ပိုင်ခွင့်ရလာသည်။ ဘူဂန္ဒာလည်း ယူဂန္ဒာဖြစ်လာရသည်။ ၁၈၉၄ခုနှစ်တွင် ယူဂန္ဒာနိုင်ငံသည် ဗြိတိန်အစောင့်ရှောက်ခံနိုင်ငံ ဖြစ်လာတော့သည်။ ၁၉၀၂ ခုနှစ်တွင် ယူဂန္ဒာနိုင်ငံ၏ အရှေ့ပိုင်းပြည်နယ်ကို ကင်ညာနိုင်ငံအဖြစ် သီးခြားအသွင်ပြောင်းလိုက်သည်။

၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ မီးလ်တန်အိုဘိုဗော ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၃ခုနှစ်တွင် ယူဂန္ဒာမှ သမ္မတနိုင်ငံ ဖြစ်လာသည်။ သမ္မတမှာ မူတေဆာဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် အဘိုတေကို အိုင်ဒီအာမင်ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။ ၁၉၇၆ ခုနှစ်တွင် အိုင်ဒီအာမင်က သူ့ကိုယ်သူ ရာသက်ပန်သမ္မတ ကြေညာသည်။

၁၉၇၈ ခုနှစ်တွင် ယူဂန္ဒာက တန်ဇန်နီးယားကို ကျူးကျော်သည်။ ၁၉၇၉ခုနှစ်တွင် တန်ဇန်နီးယားတပ်များ ယူဂန္ဒာကို ဝင်ရောက်သည်။ အာမင်ဆန့်ကျင်ရေး ယူဂန္ဒာအမျိုးသားလွတ်မြောက်ရေးတပ်ဦးနှင့် ပေါင်းစည်းအင်အားဖြည့်လိုက်သည့်အတွက် အိုင်ဒီအာမင် ထွက်ပြေးရသည်။ ယူဆူဖုလူလေ သမ္မတဖြစ်လာသည်။ မကြာပါ ဂျက်ဖရီဘီနေဆာဖြင့် အစားထိုးလွှဲပြောင်းသည်။ ၁၉၈၀ပြည့်နှစ်တွင် ဘီနေဆာကို စစ်တပ်ကဖယ်ရှားလိုက်သည်။ ရွေးကောက်ပွဲတွင် မီလ်တန်အိုဘိုတေအနိုင်ရကာ သမ္မတဖြစ်လာသည်။ ၁၉၈၅ ခုနှစ်တွင် အိုဘိုတေကို ဖြုတ်ချကာ အိုကဲလိုကို အစားခန့်လိုက်သည်။

ပြန်လည်အရွေးခံ

၁၉၈၆ခုနှစ်တွင် အမျိုးသားတော်လှန်ရေးတပ်မတော်က ကမ်ပါလာမြို့တော်ကို သိမ်းသည်။ မူဆီဗီနီကို သမ္မတအဖြစ် ခန့်အပ်သည်။ မူဆီဗီနီသည် ၁၉၉၆ ခုနှစ်တွင် ယူဂန္ဒာနိုင်ငံ၏ပထမဆုံးသော တိုက်ရိုက်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ပြန်လည်အရွေးခံရသည်။ ၂၀၀၁ခုနှစ် မတ်လတွင် ဒုတိယအကြိမ်၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် တတိယအကြိမ် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။

ယူဂန္ဒာနိုင်ငံ အာဏာရှင်ဟောင်း အာမင်မှာ ၂၀၀၃ခုနှစ် ဩဂုတ်လတွင် ဆော်ဒီအာရေဗျနိုင်ငံဆေးရုံ၌ ကွယ်လွန်သည်။ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် အယ်အာရ်အေသူပုန်များက နိုင်ငံမြောက်ပိုင်း ပြည်တွင်းအိုးမဲ့အိမ်မဲ့ဒုက္ခသည်စခန်းမှ လူ ၂၀၀ ကျော်ကို သတ်ဖြတ်သည်။

၂၀၀၅ခုနှစ် အောက်တိုဘာလတွင် အယ်အာရ်အေခေါင်းဆောင် ဂျိုးဇက်ကိုနီအပါအဝင် အယ်အာရ်အေ သူပုန်တပ်မှူးငါးဦးအတွက် နိုင်ငံတကာ ရာဇဝတ်ခုံရုံးက ဖမ်းဝရမ်းများ ထုတ်သည်။

ညည်းညူနေ

လူလေးသိန်းကျော် ငါးသိန်းသေဆုံးရသည့် ယူဂန္ဒာနိုင်ငံ၌ ၁၉၈၆ခုနှစ်က မူဆီဗီနီသမ္မတ ဖြစ်လာသည့်အခါတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော်သည်။ စီးပွားရေးလည်း အထိုက်အလျောက် တိုးတက်လာသည်။ ငွေကြေးဖောင်းပွမှုမှာလည်း သိသိသာသာ ကျဆင်းသွားပါ၏။ သို့သော် ယူဂန္ဒာသမ္မတနိုင်ငံ၏ စက်မှုထူထောင်ရေး မအောင်မမြင်ဖြစ်နေသေးမှုကို သမ္မတ မူဆီဗီနီက ညည်းညူနေသည်။

အစိုးရနှင့်အယ်အာရ်အေတို့ ၂၀၀၆ခုနှစ် ဩဂုတ်လတွင် အပစ်အခတ်ရပ်ရန် သဘောတူထားပြီး ဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးတွင် အောင်မြင်သည့်နိုင်ငံအဖြစ် ယူဂန္ဒာသမ္မတနိုင်ငံက လက်မထောင်နိုင် သည်မှာ ချီးကျူးစရာပင် ဖြစ်ပါ၏။ ။

ကိုးကား–အင်တာနက်

တိုး–ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၄-၃-၂၀၀၈

ကမ္ဘာ့ ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၇၇ ဒသမ ၂၄ဒေါ်လာရှိနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေကြောင်းခရီးစဉ်သစ်များ စတင်ပျံသန်း

ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်း ဘက်အဲက လေကြောင်းခရီးစဉ်သစ်များ စတင်ပျံသန်းပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် လေကြောင်းအရာရှိများက ပြောကြားသည်။

အဆိုပါလေကြောင်းခရီးစဉ်သစ်များမှာ ဒါကာ–ဗန်ကောက်၊ ဒါကာ–ကွာလာလမ်ပူ၊ ဒါကာ–ချင်းနိုင်–ကိုလံဘို၊ ဒါကာ–ကိုလ်ကတ္တားတို့ဖြစ်သည်။ ထို့အပြင် ဒါကာ–ကူမင်၊ ဘင်္ဂလာဒေ့ရှ်နိုင်ငံတောင်ပိုင်း ချန်တာဂွန်မြို့မှ ဒူဘိုင်းမြို့ခရီးစဉ်များ စတင်ပျံသန်းသည်။

ထိုင်း၌ အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ချီယာပွန်ပြည်နယ်၌ အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေး ကူးဆက်ခံရကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူမှာ အသက် ၅၇ နှစ်အရွယ်ရှိ ပရိမာကူလ်ကာဆမ်အမည်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ချီယာပွန်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုး ကျဆင်းလျက်ရှိကြောင်း ဂျပန်နိုင်ငံမှ ငွေကြေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဂျပန်ဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၂ယန်းရှိနေပြီး ဥရောပဈေးကွက်၌ တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂ ဒေါ်လာရှိနေကြောင်း သိရသည်။

တရုတ်၌ သစ်တောမီးလောင်ကျွမ်းမှုသတိပေး

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အလယ်ပိုင်းတွင် သစ်တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံအလယ်ပိုင်း၌ မကြာမီက သစ်တောမီးလောင်ခဲ့မှုကြောင့် ၂၂ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုရန် ၎င်းတို့က ဆက်လက်သတိပေးထားသည်။

ယူကရိန်းသို့ တင်ပို့နေသည့်ဓာတ်ငွေ့များ ရုရှားဖြတ်တောက်

ယူကရိန်းနိုင်ငံသို့ တင်ပို့ပေးနေသော ဓာတ်ငွေ့များကို ဖြတ်တောက်ရန် ရုရှားက စီစဉ်နေကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။

လက်တွေ့၌မူ ယူကရိန်းသို့ ပေးပို့မည့်ဓာတ်ငွေ့များ၏ လေးပုံတစ်ပုံ ကို ဖြတ်တောက်ရန် စီစဉ်ထားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ပိတ်ထားသော သတ္တုမိုင်းတွင်းတစ်တွင်း ပြိုကျခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့သည်။**
- ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် မတ် ၃ ရက်က တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ နှုန်း တိုက်ခတ်သော မုန်တိုင်းဒဏ်ကြောင့် မြစ်ကူးတံတားတစ်စင်း ကျိုးကျခဲ့သည်။
- **ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ဆိပ်ကမ်း၌ မတ် ၃ ရက်က ကမ္ဘောဒီးယားကုန်တင်သင်္ဘောတစ်စင်းနှင့် ဂျပန်သင်္ဘောတစ်စင်းကို တိုက်မိခဲ့ရာ ဂျပန်သင်္ဘောမှ သင်္ဘောသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။**
- အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားပြည်နယ် အနောက်ဘက်ကမ်းလွန်၌ မတ် ၃ ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၃ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ပိုင်နန်မြို့တွင် အဆောက်အအုံအများအပြား ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။

- **ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့လယ်၌ မတ် ၃ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် လေးဦးသေဆုံးခဲ့သည်။** (အပေါ်ပုံ)
- အာဂျင်တီးနားနိုင်ငံ မြောက်ပိုင်းဆဲလ်တာမြို့၌ မတ် ၃ရက်က အပူချိန် ၁၀၉ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ပြီး အပူလှိုင်းကျရောက်မှုကြောင့် သုံးဦး သေဆုံးခဲ့သည်။
- **ကင်မရွန်းနိုင်ငံ ရဟွန်ဒီမြို့ အနောက်ပိုင်း မိုင် ၅၀ ခန့်အကွာ ကျေးရွာ၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ်ငါးလုံး ပျက်စီးခဲ့သည်။**
- ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ မတ် ၃ ရက်က လေးထပ်လူနေအဆောက်အအုံတစ်လုံး ပြိုကျခဲ့သည်။

ဘာဝဒသာန အမြင်

- ***The spoken voice perishes; the written word remains.***

  နှုတ်တစ်ရာ၊ စာတစ်လုံး။

  ဝီလျံကက်စ်တန် (အင်္ဂလိပ်လူမျိုးပုံနှိပ်ထုတ်ဝေရေးသမား)

- *Love's a blind guide, and those that follow him too often lose their way.*

  အချစ်ဆိုသော မျက်မမြင်လမ်းပြနောက်မှ လိုက်ပါကြသူမှန်သမျှ ရံဖန်ရံခါ၌ လမ်းပျောက်တတ်ကြမြဲဖြစ်သည်။

  ကိုလေးစစ်ဘာ (အင်္ဂလိပ်လူမျိုးရုပ်ရှင်မင်းသားနှင့်စာရေးဆရာ)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

သတိလက်လွတ်ဆော့ကစားမိခဲ့သော ...

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မတ် ၂ ရက်က လူငယ်နှစ်ဦး မတော်တဆ ဖြစ်ရပ်ကြောင့် သေဆုံးခဲ့ရကြောင်း ဗီယင်နာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယင်နာမြို့တွင် ဓာတ်ကြိုးများ ပြတ်တောက်ခဲ့ရာ လျှပ်စစ်ဓာတ် စီးဝင်နေသောရေအိုင်အတွင်း အသက် ၁၄ နှစ်အရွယ် လူငယ်နှစ်ဦး ရေဆော့ကစားခဲ့ရာမှ ဓာတ်လိုက်ပြီး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဤဖြစ်ရပ်သည် ဓာတ်ကြိုးများပြတ်တောက်ပြီး ရေအိုင်အတွင်း ကျရောက်နေသည်ကို သတိမပြုခဲ့သဖြင့် အသက်အန္တရာယ် ဆုံးရှုံးနိုင်ကြောင်း သတိပေးညွှန်ပြလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

အစ္စလမ္မာဘတ်၌ ပါကစ္စတန်ရှေ့နေများဆန္ဒပြ လူစုခွဲရန် လုံခြုံရေးတပ်ဖွဲ့က မျက်ရည်ယိုဗုံးအသုံးပြု

အစ္စလမ္မာဘတ် မတ် ၄

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တော်တွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်ဟောင်း ချောင်ဒရီအား ရာထူးပြန်ခန့်ရန် တောင်းဆိုဆန္ဒပြကြသူ ရှေ့နေများအား လူစုခွဲရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံး အသုံးပြုလိုက်သည်။

စုရုံး

နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ်ဟောင်း ချောင်ဒရီအား ရာထူးပြန်ခန့်ရန် တောင်းဆိုဆန္ဒပြရေးအတွက် ရှေ့နေများက မစ္စတာ ချောင်ဒရီ၏ နေအိမ်အပြင်ဘက်တွင် စုရုံး ရောက်ရှိလာကြသည်။

ပထမဆုံး

ဆန္ဒပြပွဲတွင် ရှေ့နေ၂၀၀ခန့်ပါဝင်သည်။ ပါကစ္စတန်ရွေးကောက်ပွဲအပြီးတွင် ဤဆန္ဒပြပွဲမှာ ပထမဆုံးသော အရေးပါသည့် ကန့်ကွက်ဆန္ဒပြပွဲဖြစ်သည်။

ကန့်ကွက်

အရေးပေါ်ကြေညာပြီး ကတည်းက နေအိမ်၌ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရသူ တရားရုံးချုပ် ရှေ့နေများအသင်း ဥက္ကဋ္ဌ အာဆန်အား တနင်္ဂနွေနေ့က ပြန်လွှတ်ပေးပြီးနောက် ရှေ့နေများက ယခုကဲ့သို့ ကန့်ကွက် ဆန္ဒပြကြခြင်းဖြစ်သည်။

ဗုံးပေါက်

ထို့အပြင် ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် မတ်၄ရက်က ဗုံးပေါက်မှုများဖြစ်ပွားရာ ခုနစ်ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်ခဲ့

ဗုံးပေါက်ကွဲမှုများမှာ ပန်ဂျပ်ပြည်နယ် လာဟိုးမြို့၌ **(အပေါ်ယာပုံ)** ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးတစ်လုံးမှာ မော်တော်ဆိုင်ကယ် တစ်စီး၌ ချည်နှောင်ထားပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အသေခံ

လာဟိုးမြို့၌ ဗုံးခွဲတိုက်ခိုက်မှုလေးကြိမ်ဖြစ်ပွားခဲ့ရာ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခု ပါဝင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

စိုးရိမ်ရ

ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများကို လာဟိုးဆေးရုံသို့ တင်ပို့ကုသပေးထားရာ အချို့မှာ စိုးရိမ်ရသည့် အခြေအနေရှိသည်။ ဗုံးပေါက်ကွဲသည့် နေရာများအနီးတစ်ဝိုက်အား ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပိတ်ထားလိုက်ပြီး အထူးကြပ်မတ်စောင့်ကြပ်လျက်ရှိသည်။

(အင်တာနက်)

ကင်ညာ၌ မြေအငြင်းပွားမှုဖြစ်ပွား အကြမ်းဖက်မှုကြောင့် ၁၂ဦးသေဆုံး

နိုင်ရိုဘီ မတ် ၄

ကင်ညာနိုင်ငံ အနောက်ပိုင်း၌ မတ် ၃ရက်က မြေယာအငြင်းပွားမှု ဖြစ်ပွားရာမှ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

ယင်းမြေယာအငြင်းပွားမှုကြောင့် နေအိမ် ၁၀လုံး ပြိုကျခဲ့ပြီး လူအချို့က နေအိမ်များကို မီးရှို့ခဲ့ကြောင်း၊ ယင်းအကြမ်းဖက်မှုသည် ရွေးကောက်ပွဲနှင့် ဆက်နွယ်မှုရှိ မရှိဆိုသည်ကို မသိရသေးကြောင်း ရဲတပ်ဖွဲ့ပြောရေး ဆိုခွင့်ရှိသူ အရစ်ကီရိုင်သီက ပြောကြားသည်။

သေဆုံးခဲ့

ယခုနှစ် ကင်ညာနိုင်ငံအတွင်း ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်ခဲ့၍ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၅၀၀ ခန့် သေဆုံးခဲ့ရသည်။

အငြင်းပွား

အဆိုပါ မြေအငြင်းပွားမှုသည် လွန်ခဲ့သော တစ်နှစ်ကျော်က စတင်ခဲ့သည့် ဆာဘော့နှင့်ဆိုင်ကာလင်ဂျင် ဒေသနှစ်ခုအကြား မြေယာအငြင်းပွားရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြေရှင်း

မြေအငြင်းပွားမှု ပြဿနာသည် အစိုးရနှင့် အတိုက်အခံတို့အကြား မြို့တော်နိုင်ရိုဘီ၌ စတင်ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စဖြစ်လာသည်။

(အင်တာနက်)

ကင်ညာနိုင်ငံ ဆာဘော့နှင့် ဆိုင်ကာလင်ဂျင် ဒေသများတွင် မြေယာ အငြင်းပွားမှုများကြောင့် ပဋိပက္ခများ ဖြစ်ပွားနေသည်ကို မတ် ၃ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်းများ

ထိုင်းနိုင်ငံတစ်ဝန်း ဆီးနိတ်အမတ်ရွေးချယ် ပြည်နယ် ၇၆ ခု၌ အမတ်တစ်ဦးစီရွေးချယ်မည်

ဗန်ကောက် မတ် ၄

ထိုင်းနိုင်ငံတစ်ဝန်း ပြည်နယ် ၇၆ ခုတွင် မတ်၂ရက် နံနက်ပိုင်းက ဆီးနိတ်လွှတ်တော်အမတ် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။

ဖြည့်ဆည်းမည်

ပြည်နယ်အသီးသီးမှ ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးစီရွေးချယ်ပြီး အခြား ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်အမတ် ၇၄ ဦးနှင့် အတူ အထက်လွှတ်တော်၌ လွှတ်တော်အမတ် ၁၅၀ ဖြည့်ဆည်းမည်ဟု ဆိုသည်။

ဖော်ပြ

နိုင်ငံတစ်ဝန်း လွှတ်တော်အမတ်ယှဉ်ပြိုင်အရွေးခံသူ ၅၀၀ ခန့်ရှိရာ မြို့တော်ဗန်ကောက်မှ ၃၀ ကျော်ပါဝင်ကြောင်း ဆီးနိတ်လွှတ်တော်အမတ်ရွေးချယ်ရေးအဖွဲ့၏ စာရင်းဇယားပိုင်းတွင် ဖော်ပြသည်။

ဖွဲ့စည်းမည်

အခြား ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်အမတ် ၇၄ ဦးမှာ ပြီးခဲ့သည့်လ အစောပိုင်းက ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်ထားသူများ ဖြစ်သည်။ ယင်း ၇၄ဦးနှင့် ပြည်နယ် ၇၆ ခုမှ ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်အမတ်များသည် ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပထမဆုံး ဆီးနိတ်လွှတ်တော်ကို ဖွဲ့စည်းမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုလသမဂ္ဂဝန်ထမ်းများလိုက်ပါသည့် ရဟတ်ယာဉ် နီပေါ၌ ပျက်ကျ၍အနည်းဆုံး ၁၂ဦးသေဆုံး

နီပေါ မတ် ၄

နီပေါနိုင်ငံ အရှေ့ပိုင်း၌ မတ်၃ရက်က ကုလသမဂ္ဂ တာဝန်ရှိသူများအား တင်ဆောင်ပျံသန်းလာသော ရဟတ်ယာဉ်တစ်စင်း ရာသီဥတု ဆိုးရွားမှုကြောင့် ပျက်ကျသွားခဲ့ရာ အနည်းဆုံး ၁၂ဦး သေဆုံးသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပျက်ကျ

အဆိုပါ ကုလသမဂ္ဂ ဝန်ထမ်းများသည် မော်ဝါဒီသူပုန်ဟောင်းစခန်းတစ်ခုမှအပြန်တွင် လေယာဉ်ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဝင်တိုက်

ယင်းရဟတ်ယာဉ်သည် မီးလောင်ပြီး တောင်ကုန်းတစ်ခုကို ဝင်တိုက်၍ ပျက်ကျသွားခဲ့ကြောင်း၊ လေယာဉ်ပျက်မှ အလောင်း ၁၂လောင်းအား ကယ်ဆယ်ရေးအဖွဲ့က ဆွဲထုတ်နိုင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

သို့သော်လည်း ၎င်းလေယာဉ်ပေါ်တွင် လူမည်မျှ လိုက်ပါသွားသည်ကို မသိရသေးကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်

ရဟတ်ယာဉ်သည် ခတ္တမန္ဒူမြို့ အရှေ့ဘက်မိုင် ၄၀အကွာ ဆင်ဟူလီဒေသအနီး၌ မိုးသက်လေပြင်း ကျရောက်စဉ် မိုးကြိုးပစ်ခံရပြီး မီးလောင်ပျက်ကျသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ လူနေအိမ်များကို မတ် ၃ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ရဲနှင့်ဆန္ဒပြသူများ အဓိကရုဏ်းဖြစ် အာမေးနီးယားမြို့တော်၌ အရေးပေါ်ကြေညာ

မော်စကို မတ် ၄

အာမေးနီးယားသမ္မတ ရောဘတ်ကိုချာရီယင်က မြို့တော်ရီရီဗန်၌ မတ် ၁ရက်က အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

လမ်းပေါ်တွင် ကန့်ကွက်ဆန္ဒပြမှုများကို ရဲတပ်ဖွဲ့ဝင်များက စတင်တားဆီးပိတ်ပင်စဉ် အရေးပေါ်အခြေအနေမှာ ရက်ပေါင်း ၂၀အထိ ဆက်လက်ရှိနေမည်ဖြစ်မည်။

ဝန်ကြီးချုပ် ဆာဇ်ဆာယန် ထောက်ခံမဲ ၅၂ဒသမ ၈ရာခိုင်နှုန်းဖြင့် အနိုင်ရလိုက်သည်။ ဖေဖော်ဝါရီ ၁၉ရက် သမ္မတရွေးကောက်ပွဲကို ကန့်ကွက်ရန် မြို့တော်ရီရီဗန်တွင် အတိုက်အခံများက စုရုံးရောက်ရှိလာခြင်း ဖြစ်သည်။

တောင်းဆို

ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၂၁ဒသမ၅ရာခိုင်နှုန်းဖြင့် ရှုံးနိမ့်သူ တာပက်ထရိုယန် ဦးဆောင်သည့် အတိုက်အခံတို့ဘက်က ရွေးကောက်ပွဲ၌ မဲခိုးသည်ဆိုကာ ထပ်မံရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုကြသည်။

ဆန္ဒပြသူများသည် မတ်၁ရက် ညနေပိုင်းက မြို့တော်ဝန်ရုံးခန်း ပြတင်းပေါက်များကို ချိုးဖျက်ရာမှ ရဲတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်း ဖြစ်ပွားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အတွက် ကြိုးကြာနီတို့ရဲ့ တောင်ပံခတ်သံ

လန်ဒန် မတ် ၄

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ အဆုံးအဖြတ်ပွဲစဉ်အချို့ ကစားနေကြပြီ ဖြစ်ပါတယ်။ ဒီလိုပွဲစဉ်တွေ အကြိတ်အနယ် ကစားနေကြချိန်မှာ လီဗာပူးတို့က လာမယ့် မတ်၁၁ရက်မှ ကစားရမှာမို့ ကြိုတင်ပြင်ဆင်အားမွေးချိန် ပိုရနေပါတယ်။

လီဗာပူးနှင့် လေးနှစ်စာချုပ်လိုက်ပြီ ဖြစ်သည့် မာရှေယာနို။

လီဗာပူးဟာ မတ် ၁၁ရက်မှာ အင်တာမီလန်ကွင်းမှာ သွားကစားရမှာဖြစ်လို့ နည်းပြဘင်နီတက်ဇ်လည်း ရတက်မအေး ဖြစ်နေရပါတယ်။ ဒါပေမယ့် အန်ဖီးလ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရထားတဲ့ ကြိုးကြာနီတို့အတွက်ကတော့ အမြင့်ဆုံးကိုပျံသန်းဖို့ စွမ်းအားတစ်ရပ် ဖြစ်စေခဲ့ပါပြီ။

ကွင်းလယ်ကစားသမား

အင်တာမီလန်နဲ့ ကစားတဲ့ပွဲမှာ အင်အားပြည့်ယှဉ်ပြိုင်နိုင်ဖို့အတွက် ဘင်နီတက်ဇ်ဟာ အာဂျင်တီးနားနဲ့ ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား မာရှေယာနိုကို လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

လေးနှစ်စာချုပ်

လီဗာပူးကွင်းလယ်မှာ ဂျရတ်အပေါ် စုပြုံကျရောက်နေတဲ့ ဖိအားတွေ လျှော့ချနိုင်ဖို့အတွက်ရော ကွင်းလယ်အားကို ထပ်ဖြည့်တဲ့သဘောလည်း သက်ရောက်တဲ့အနေနဲ့ မာရှေယာနိုကို အခုလို လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။

မန်ယူကို ရောက်ရှိပြီး ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး တီဗက်ဇ်နဲ့အတူ ၂၀၀၆ခုနှစ်က ဝက်စ်ဟမ်းကို ရောက်ရှိလာခဲ့တဲ့ မာရှေယာနိုဟာ အခုလိုလီဗာပူးကို တရားဝင်ရောက်ရှိလာပြီဖြစ်လို့ ဘင်နီတက်ဇ်အတွက် အားတက်စရာပါပဲ။

အသက် ၂၃နှစ် အရွယ်သာ ရှိသေးတဲ့ မာရှေယာနိုဟာ ၂၀၀၇ခုနှစ် ဇန်နဝါရီလက လီဗာပူးကို ဝက်စ်ဟမ်းကနေပြီး အငှားချထားတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အခုတော့ အပိုင်ခေါ်ယူလိုက်ခြင်း ဖြစ်ပါတယ်။

နောက်ဆုံးဖိုလ်လုပွဲ

ဒီလို လေးနှစ်စာချုပ် ချုပ်ဆိုလိုက်တဲ့အတွက် မာရှေယာနိုကတော့ လီဗာပူးကို ဒီနှစ်ချန်ပီယံလိဂ် ဖိုလ်လုပွဲရောက်အောင်ကြိုးစားပေးမယ်လို့ ဆိုနေပါတယ်။ လာမယ့်မေလမှာ နောက်ဆုံးဖိုလ်လုပွဲကို လီဗာပူးရောက် မရောက်တော့ စောင့်ကြည့်ရမှာပါ။

ရွေးချယ်

မာရှေယာနိုဟာ ဖီဖာရဲ့၂၀၀၇ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းမှာ ရွေးချယ်ခြင်းခံထားရတဲ့ ကွင်းလယ်ကစားသမားတစ်ဦးပါပဲ။ မာရှေယာနိုဟာ ၂၀၀၅ခုနှစ်က ကိုရန်သီရင်အသင်းမှာ ကစားခဲ့သူဖြစ်ပြီး အဲဒီကမှ ပရီမီယာလိဂ်ကို ပြောင်းလာခဲ့သူပါ။

နောက်တန်းဖြည့်ဆည်း

အသင်းလိုက် ကစားအားကောင်းတဲ့ လီဗာပူးဟာ ကွင်းလယ်လိုအပ်ချက်ကို အချိန်နဲ့တစ်ပြေးညီအံဝင်ခွင်ကျကစားနိုင်ဖို့ လက်တွေ့မှာ မာရှေယာနို ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်တန်းအင်အား ဖြည့်ဆည်းတဲ့အနေနဲ့ ဆလိုဗက်ကီးယား နောက်ခံကစားသမား မာတင်စကတ်ကို ပေါင်ခြောက်သန်းပေးပြီး ခေါ်ယူတော့မှာ ဖြစ်ပါတယ်။

မာတင်စကတ်ကို ခေါ်ယူမယ့်အပြင် စာချုပ်သက်တမ်း ပြည့်နေပြီဖြစ်တဲ့ နောက်ခံလူ ဟက်ပီယာနဲ့ တိုက်စစ်မှူး ပီတာခရော့ချ်တို့ကို စာချုပ်သက်တမ်း တိုးပါတော့မယ်။ ဒါကြောင့် ဘင်နီတက်ဇ်ကတော့ ချန်ပီယံလိဂ်အတွက် အစွမ်းကုန် ပြင်ဆင်နေပါကြောင်း သတင်းမျှဝေလိုက်ရပါတယ်။

မောင်မောင်မြင့်ဆွေ

လမ်းပတ်၏ အနီကတ် ပယ်ဖျက်ပေးရန် ချယ်လ်ဆီး အယူခံဝင်ထား

လန်ဒန် မတ် ၄

ကွင်းလယ်ကစားသမားလမ်းပတ်သည် ပြီးခဲ့သည့်ပြိုင်ပွဲ ဝက်စ်ဟမ်းအသင်းနှင့် ကစားရာတွင် ရရှိခဲ့သော အနီကတ်အတွက် ပယ်ဖျက်ပေးရန် ချယ်လ်ဆီးက အက်ဖ်အေသို့ အယူခံဝင်ထားသည်။

ယင်းပွဲစဉ်တွင် လမ်းပတ်က လူးဝစ်ဘိုယာမော်တေးအား ကြမ်းတမ်းစွာ ကစားခဲ့မိ၍ ကွင်းလယ် ဒိုင်လူကြီးက အနီကတ်ပြပြီး ထုတ်ပယ်လိုက်သည်။ ယင်းအနီကတ်သည် လမ်းပတ်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယအကြိမ်မြောက် ရရှိခဲ့သည့် အနီကတ်ဖြစ်သည်။

လမ်းပတ်သည် ယင်းအနီကတ်ဖြင့် သုံးပွဲအပယ်ခံရပါက လာမည့် သီတင်းပတ်ကုန်ပိုင်းတွင် ကစားမည့် ဘန်စလေအသင်းနှင့် ကစားရန်ရှိသည့် အက်ဖ်အေဖလားပွဲစဉ်နှင့် ပရီမီယာလိဂ်ပွဲများဖြစ်သည့် ဒါဘီနှင့်ဆန်းဒါးလန်းတို့ပွဲ၌ လွဲချော်ဖွယ်ရှိသည်။

(အင်တာနက်)

ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်စစ်မှူး ဖီးလစ် အကောင်းဆုံးဆုရရှိ

လန်ဒန် မတ် ၄

ဝက်စ်ဘရွန်း တိုက်စစ်မှူး ကီဗင်ဖီးလစ်သည် ယခုနှစ်တွင် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၃၄နှစ်ရှိ ကီဗင်ဖီးလစ်သည် ယခုနှစ် အင်္ဂလိပ်ပထမတန်းဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံး သွင်းယူထားသည်။

ဖီးလစ်သည် ယခုနှစ်ရာသီတွင် ဝက်စ်ဘရွန်း အသင်းအတွက် စုစုပေါင်း ၁၆ဂိုး သွင်းပေးနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါ အကောင်းဆုံးဘောလုံးသမားဆုကို တတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

(အင်တာနက်)

မြင့်မောင်စိုး စုစည်းရေးသားသည်

အီဒူရာဒို ကိုးလခန့် နားရမည်

လန်ဒန် မတ် ၄

အာဆင်နယ် တိုက်စစ်မှူး အီဒူရာဒို၏ ခြေထောက်ရိုး ကျိုးမှုသည် အနည်းဆုံး ကိုးလကြာ အနားယူကုသရမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

အသက် ၂၅နှစ်အရွယ်ရှိ ခရိုအေးရှားနှင့် အာဆင်နယ် တိုက်စစ်မှူး အီဒူရာဒိုသည် ယခုအခါ ခွဲစိတ်ကုသမှုခံယူပြီးသော်လည်း နာကျင်မှုဝေဒနာခံစားနေရဆဲ ဖြစ်သည်။

မိမိအနေဖြင့် ပုံမှန် အနေအထားရောက်အောင် ခက်ခက်ခဲခဲ ကြိုးစားရတော့မည် ဖြစ်ကြောင်း အီဒူရာဒိုက ပြောကြားသည်။

(အင်တာနက်)

ပရီမီယာလိဂ်အမှတ်ပေးဇယား လီဗာပူးအသင်း စတုတ္ထနေရာရောက်သင့်

လန်ဒန် မတ် ၄

လီဗာပူးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲများအပြီး အမှတ်ပေးဇယားတွင် ချန်ပီယံလိဂ် ဝင်ခွင့်နေရာ စတုတ္ထနေရာ ရရှိသင့်ကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ပြောကြားသည်။

ပြိုင်ဘက်အသင်း

အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့သည် မတ်၂ရက်က ကစားခဲ့သော ပွဲစဉ်တွင် ပြိုင်ဘက်အသင်းများကို အသီးသီး အနိုင်ရရှိခဲ့ကြသည်။ ယင်းပွဲစဉ်အပြီး အဲဗာတန်အသင်းသည် လီဗာပူးအသင်းထက် သုံးမှတ် အသာရနေသည်။

ကြိုးစားနေ

မိမိ၏ အဲဗာတန်အသင်းသည် ရရှိထားသည့် အောင်မြင်မှုကို ဆက်ထိန်းထားရန် ကြိုးစားနေကြောင်း၊ သို့သော်လည်း လီဗာပူးအသင်းသည် အမှတ်ပေးဇယား စတုတ္ထနေရာ ရရှိသင့်ကြောင်း ဒေးဗစ်မိုယက်စ်က ပြောကြားသည်။

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်။

(အင်တာနက်)

စပိန် တင်းနစ်ကစားသမား မက္ကဆီကိုအိုးပင်းချန်ပီယံဆု ဆွတ်ခူး

မက္ကဆီကိုစီးတီး မတ် ၄

စပိန်တင်းနစ်ကစားသမားအယ်လ်မာဂရိုသည် လာမည့် ပြင်သစ်အိုးပင်းအတွက် အကောင်းဆုံး လက်ရည်စစ်ပြိုင်ပွဲဖြစ်သည့် မတ်၃ရက်က ကျင်းပသော မက္ကဆီကို အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖိုလ်လုပွဲတွင် နာမည်ကြီး တင်းနစ် ကစားသမား နာလ်ဘန်ဒီယန်အား အနိုင်ကစားပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

နာမည်ကြီး

ကမ္ဘာ့အဆင့် ၂၈ရှိ အယ်လ်မာဂရိုသည် အာဂျင်တီးနား နာမည်ကြီး တင်းနစ်ကစားသမား နာလ်ဘန်ဒီယန်အား ၆-၁၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဆွတ်ခူး

ယင်းဖလားသည် အယ်လ်မာဂရို အတွက် တင်းနစ် ကစားသမားသက် တမ်းတစ်လျှောက် တတိယမြောက် အေတီပီတိုးဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အနိုင်ရ ဖိုလ်စွဲ

မက္ကဆီကို အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရ ဖိုလ်စွဲသွားသော အယ်လ်မာဂရိုအား ချန်ပီယံဆုဖလားနှင့်အတူ ဤသို့….။

(ဓာတ်ပုံအင်တာနက်)

အင်တာနက် သတင်းအတိုအထွာ

- **ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ၎င်း၏အသင်းဟောင်း အေစီမီလန်သို့ ပြန်သွားလိုကြောင်း ဖွင့်ဟသည်။**
- လီဗာပူးအသင်းက ပီတာခရော့ချ်နှင့်ဟက်ပီယာတို့ကို အသင်းတွင် ဆက်ကစားစေလိုသော်လည်း ၎င်းတို့နှစ်ဦးသည် နွေရာသီ၌ အသင်းမှထွက်ခွာဖွယ်ရှိသည်။
- **ပို့စ်မောက်အသင်းမှ တိုက်စစ်မှူး ဒေးဗစ်နူဂျင့်ကို အငှားခေါ်ယူစာချုပ် ချုပ်ဆိုနိုင်ရန် အဆင့်မြင့်တန်းမှ ပြိုင်ဘက် အစ်ဆွစ်ချ်နှင့် စတုတ်ခ်အသင်းတို့က အပြိုင်အဆိုင် ကြိုးပမ်းနေသည်။**
- မန်ယူအသင်းမှ ပီကေးကို ရေဆင်းအသင်း ခံစစ်မှူး ဂါရေးနှင့် လဲလှယ်ခေါ်ယူရန် နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးလျက်ရှိသည်။
- **ဝီဂန်အသင်း ဗဟိုခံစစ်မှူး ဂရန်ဗစ်သည် ပုံမှန်ကစားခွင့် မရသဖြင့် ဆီွဒင်မှ ဟယ်လ်ဆင်ဘော့အသင်းသို့ ပြောင်းရွှေ့ရန် တာစူနေသည်။**
- နယူးကာဆယ်အသင်းသည် ပေါင်ခြောက်သန်းတန် ဆဲလ်တစ်တိုက်စစ်မှူး စကော့တ်မက်ဒေါ်နယ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- **အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်စ်သည် ပြတ်သားသော အဖြေကို ရရှိနိုင်ရေးအတွက် အသင်းနှင့်စာချုပ် ချုပ်ဆိုရေးကို ရာသီကုန်အထိ ရွှေ့ဆိုင်းထားမည်ဟု ပြောကြားသည်။**
- အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာနှင့် အဒီဘာယောတို့သည် အသင်းအတွက် ကောင်းစွာမကစားနိုင်သည့်တိုင်အောင် မိမိအသင်းအနာဂတ်အတွက် စိုးရိမ်စရာလုံးဝမရှိကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောဆိုသည်။
- **ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ကာလင်းဖလား ဖိုလ်လုပွဲ၌ ၎င်းအား ချန်လှပ်ထားခဲ့၍ ရာသီကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားသည်။**
- အင်္ဂလန်၌ ကစားလိုသည်ဟု ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည့် ဗီလာရီးရဲလ် ဂိုးသမား ဒိုင်ဂိုလိုပက်ဇ်အား မန်ယူနည်းပြ ဖာဂူဆန်က ခေါ်ယူရန် စိတ်ဝင်စားနေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်မြို့ စန္ဒဝတီကုန်းတော်ပြင်ရှိ မဟာသိဒ္ဓိဇယ စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာ ဆရာမများအနေဖြင့် မိမိကိုယ်တိုင် ပညာကို အဆက်မပြတ်လေ့လာသင်ယူ တပည့်များကို ကောင်းသောယှဉ်ပြိုင်မှုဖြင့် တက်တက်ကြွကြွရှိအောင် ပြုစုပျိုးထောင်

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်က ကော့သောင်းခရိုင်၏ ဒေသဝမ်းစာဖူလုံမှု၊ ငရုတ်ကောင်း၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးမှု၊ ရေထွက်ပစ္စည်းများ တိုးတက်တင်ပို့ရောင်းချနိုင်မှု၊ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်နိုင်မှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို စိစစ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ကော့သောင်းဒေသသည် နိုင်ငံတော်၏တောင်ဘက်အစွန်ဆုံး၌တည်ရှိသည့် အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း။

အပြန်အလှန် အကျိုးဖြစ်ထွန်း

တစ်ဖက်နိုင်ငံနှင့် ဆက်စပ်နေသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးတို့၌ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးနှင့် ချစ်ကြည်ရင်းနှီးရေးတို့အတွက် ဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဒေသအတွင်းလုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုခိုင်မာရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ ပညာတတ်များတိုးပွားရေး၊ ဒေသဆန်ဖူလုံမှုခိုင်မာရေး၊ ဆီအုန်း၊ ရော်ဘာစသည့် နှစ်ရှည်ပင်များကို ရည်မှန်းချက်အတိုင်း ပြည့်မီအောင်

နည်းပညာတက္ကသိုလ်(မြိတ်) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသကုန်သွယ်မှုကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများ၊ အခြေခံပညာကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ပံ့ပိုးပစ္စည်းများ၊ ဝတ်စုံများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်ကုန်းမြေ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဘုရင့်နောင်မင်းတရားကြီးရုပ်တုရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဘုရင့်နောင်အငူနှင့် ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ထားရှိမှုများ၊ ကော့သောင်းမြို့ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လေယာဉ်ဖြင့် ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့သို့ရောက်ရှိကြပြီး ရှေးဦးစွာ ဘုတ်ပြင်းလေဆိပ်နှင့် ဘုတ်ပြင်းမြို့အကြား ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသည့် ပုဂ္ဂလိက ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

အားထည့်ဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်က နိုင်ငံတော်က ဖြည့်ဆည်းတည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို အခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ရန်၊ အစွန်အဖျားကျသည့် ကျေးလက်ဒေသများအထိ အုပ်ချုပ်ရေးအာဏာစက် ပျံ့နှံ့ထိရောက်အောင် တရားဥပဒေစိုးမိုးမှု ခိုင်မာအောင် ကြိုးပမ်းရန်၊ မြို့နယ်အတွင်းရှိ မော်တော်ကားလမ်းများ ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရန်တို့ကို ရှင်းလင်းမှာကြားပြီး နိုင်ငံတော်အနေဖြင့် တနင်္သာရီတိုင်း ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုကြီး၏ အဖွဲ့ဝင်ဖြစ်သော အခြား ပြည်နယ်၊တိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလားတူ အားထည့်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်၊တိုင်း အားလုံးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဘုတ်ပြင်းမြို့နယ်သည်လည်း မြို့နယ်တစ်ခုအနေဖြင့် ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် မြို့နယ်အတွက် ပံ့ပိုးငွေများ၊ လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ပံ့ပိုးပစ္စည်းပေးအပ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းကလည်း မြို့နယ်အတွက် ဝန်ကြီးဌာန၏ ပံ့ပိုးပစ္စည်းများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ ဘုရင့်နောင်မင်းတရားကြီးရုပ်တုရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်အားပေးပြီး ဘုတ်ပြင်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် မြိတ်မြို့သို့ရောက်ရှိကြပြီး မြိတ်မြို့ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ကမ်းနားတစ်လျှောက် သာယာလှပရေးဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ စန္ဒဝတီကုန်းတော်ပြင်ရှိ မဟာသိဒ္ဓိဇယစေတီတော်သို့သွားရောက်ကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး စေတီတော်ကို လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

စေတနာထားပြုစု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်လှိုင်ဝေ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများအား တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ပြည်သူများ ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည်နေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက မိမိတို့တတ်ကျွမ်းသည့်ပညာများဖြင့် စေတနာထား ပြုစုကုသဆောင်ရွက်ပေးရေး၊ ဆေးရုံရောက်လာမှ ပြည်သူများကိုစောင့်ရှောက်ကုသပေးခြင်းမျိုးထက် သိရှိသင့်သည့် ကျန်းမာရေးအသိပညာများ ပြည်သူများရရှိအောင်၊

✻ ကျောဖုံးမှ

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးသဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ဆွေးနွေးညှိနှိုင်း

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

အတည်ပြုဖွဲ့စည်း

ထို့အပြင် ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းရေးကိစ္စ ညှိနှိုင်းဆွေးနွေးပြီး ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲများကို အတည်ပြု ဖွဲ့စည်းခဲ့ကြသည်။

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရောဂါမဖြစ်ခင် ကာကွယ်နည်းများသိရှိအောင် ဆောင်ရွက်ပေးရေး၊ ဖြစ်ပွားလာသည့် ရောဂါများကိုလည်း သက်သာပျောက်ကင်းအောင် ထိထိရောက်ရောက် ကုသရေး၊ ကျေးလက်အရောက်သွားရောက်၍ ကွင်းဆင်းပညာပေး ကုသရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီး ဦးမြင့်သောင်းအား ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (မြိတ်) တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ နည်းပညာတက္ကသိုလ်(မြိတ်)နှင့် ကွန်ပျူတာတက္ကသိုလ်(မြိတ်)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ရှေးဦးစွာ Civil Tech Co.,Ltd. မန်နေဂျင်းဒါရိုက်တာဦးအုန်းမြင့်က နည်းပညာတက္ကသိုလ်(မြိတ်)တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးတို့က ပညာသင်ကြားရေးကိစ္စများ၊ တည်ဆောက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ သပ်သပ်ရပ်ရပ် ပြီးစီးအောင်ဆောင်ရွက်ရေး၊ ပန်းအလှပင်၊ အရိပ်ရပင်များ အကွက်ကျကျစိုက်ပျိုးပြီး တက္ကသိုလ်ကြီးကို သာသာယာယာ ဂုဏ်ယူဖွယ်ရာဖြစ်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ယနေ့ရောက်ရှိနေသော ပညာခေတ်တွင် ဆရာ ဆရာမများအနေဖြင့် ပညာကို မိမိကိုယ်တိုင် အဆက်မပြတ်လေ့လာသင်ယူနေကြသကဲ့သို့ မိမိတို့၏ တပည့်များကိုလည်း ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်လာအောင် သင်ကြားပေးကြရန်ဖြစ်ကြောင်း၊ စူးစမ်းလေ့လာလိုစိတ်များ၊ တီထွင်ကြံဆအားထုတ်မှုများ၊ ကောင်းသောယှဉ်ပြိုင်မှုများဖြင့် တက်တက်ကြွကြွရှိနေသည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားကြရမှာဖြစ်ကြောင်း။

ဆုံးမပဲ့ပြင်

ဒေသအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုနိုင်သည့် လူတော်များဖြစ်ရန်သာမက လူကောင်းများဖြစ်ရန်လည်းလိုအပ်ရာ ကိုယ်ကျင့်တရားကောင်းမွန်သူများ ၊ စည်းကမ်းကို လေးစားလိုက်နာသူများ၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူများဖြစ်အောင်လည်း ဆုံးမပဲ့ပြင် ပျိုးထောင်ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ်သို့ သွားရောက်ကြပြီး ဇုန်အလိုက် မြို့ကွက်သစ်ဖော်ထုတ်နေမှုများနှင့် ဆောင်ရွက်လျက်ရှိသည့်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းဖုံဦးက မြိတ်မြို့သစ် ဖော်ထုတ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးစည်ပင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီးလူဦးရေများပြားလာသည်နှင့်အမျှ နှစ်အနည်းငယ်အတွင်း၌ပင် မြိတ်မြို့သစ်မှာ ဖွံ့ဖြိုးစည်ပင်လာမည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

လူနေထူထပ်လာသော မြိတ်မြို့ဟောင်းကို တိုးချဲ့တည်ဆောက်ရန်နေရာမှာ ဤမြို့သစ်နေရာ အကွက်အကွင်းကောင်းပင်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် စနစ်ကျသည့် မြို့သစ်ဖြစ်ပေါ်ရေးအတွက် မြို့တွင်းလမ်းများ ကောင်းအောင်၊ ရေမီးများ ပြည့်စုံအောင် အစီအမံရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် မြိတ်မြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ဟသ်ာကုန်းစေတီတော် တောင်ဘက်စောင်းတန်းအတွက်လှူဒါန်းနိုင်

ရန်ကုန် မတ် ၄

ပဲခူးမြို့ သမိုင်းဝင် ဟသ်ာကုန်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် ဇန်နဝါရီ၂၃ရက်က ပဲခူးမြို့ နန်းတော်ရာရပ်အင်းဝင် ၇လမ်းနေ ဒေါ်တင်အေး(ဝမ်းစတားဆေးပေါ့လိပ်)မိသားစုက ငွေကျပ်တစ်သိန်း၊ ဖေဖော်ဝါရီ၄ ရက်က ပဲခူးမြို့ဥသာမြို့သစ် (၄)ရပ်ကွက်နေ ဦးမန်းနီး-ဒေါ်နှင်းနှင်းဝေ မိသားစုက ငွေကျပ်တစ်သိန်းနှင့် ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်မြို့ ပြည်လမ်းနေ ဦးဇော်မြင့်-ဒေါ်ခင်ခင်မြင့် သမီးဒေါက်တာသော်တာမြင့် မိသားစုက ငွေကျပ်တစ်သိန်းတို့အား ဂေါပကရုံးသို့ လာရောက်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ဟသ်ာကုန်းစေတီတော်မြတ်ကြီး၏ ဂေါပကရုံး ဖုန်း-၀၅၂-၂၁၈၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မဟာစည် ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၄

(၃၈)ကြိမ်မြောက် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းကို မတ် ၁၁ ရက် (တပေါင်းလဆန်း၅ရက်)မှ ဧပြီ၁၀ ရက် (တန်ခူးလဆန်း၅ရက်)အထိ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းလက်ခံရက်မှာ မတ်၁၁ ရက်အထိဖြစ်ရာ ရှင်သာမဏေနှင့် သီလရှင်ဝတ်ရက်များမှာ (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၂၊၃၊၄) မတ်၈၊၉၊၁၀ ရက်များဖြစ်ကြသည်။

သင်တန်းတက်ရောက်လိုသူများ အချိန်မီစာရင်းပေးသွင်းကြပါရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်(မဟာစည် သာသနာ့ရိပ်သာ)က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အထက(၁)မော်ဘီ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

အထက(၁) မော်ဘီတွင် ၁၉၅၈ မှ ၂၀၀၈ ခုနှစ်အတွင်း အငြိမ်းစားယူသွားသော ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကိုလာမည့်ဧပြီ၅ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက(၁)မော်ဘီ ပညာရတနာခန်းမတွင် ကျင်းမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ဆရာဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဦးမောင်ပု ဖုန်း-၆၂၀၉၀၀၊ ဦးကြည်မြင့် ဖုန်း-၆၂၀၃၅၀၊ ကိုမြခိုင် ဖုန်း-၀၉၅၁-၃၆၈၉၅၊ ကိုဌေးလွင် ဖုန်း-၆၂၀၁၅၉၊ ဒေါ်စန်းစန်းညွန့် ဖုန်း-၆၂၀၂၁၊ ကိုကြည်ညွန့် ဖုန်း-၆၂၀၇၂၀နှင့် ကိုနိုင်ထွန်းလတ် ဖုန်း-၀၉၅၁-၄၇၀၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် မတ် ၄

စီးပွားရေး တက္ကသိုလ်(ရန်ကုန်) ၁၉၇၄-၇၈ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိသားစုမိတ်ဆုံစားပွဲကို မတ် ၂၂ရက်(စနေနေ့)ညနေ ၆ နာရီတွင် M-3 Food Center (ရွှေတိဂုံဘုရား မြောက်ဘက်မုခ်)အနီး၌ ကျင်းပမည်ဖြစ်သည်။မိတ်ဆုံစားပွဲလက်မှတ်များကို ကိုလင်းကြည် ဖုန်း-၀၉၅၀-၀၈၁၂၂၊ ကိုတင်လတ် ဖုန်း-၀၉၅၀-၂၃၀၃၀၊ ကိုအောင်မြင့်ဦး ဖုန်း-၀၉၅၁-၁၆၈၈၂၊ ကိုကံထူး ဖုန်း-၅၅၅၂၉၂၊ ကိုခင်မောင်မြင့် ဖုန်း-၀၉၂၀-၁၆၁၀၉၄၊ ကိုမျိုးကြွယ် ဖုန်း-၀၆၇-၄၁၁၀၁၀၊ မစမ်းစမ်းအေး ဖုန်း-၅၄၈၆၆၄၊ မစန်းစန်းဝင်း ဖုန်း-၅၁၀၃၅၄၊ မလှဲလှဲဝင်း ဖုန်း-၂၂၈၃၅၉၊ မမြမြဝင်း ဖုန်း-၇၂၂၈၄၆၊ မမြင့်မြင့်အောင် ဖုန်း-၀၉၅၀-၁၆၁၉၂၊ ကိုအေးမြင့် ဖုန်း-၂၉၂၅၃၁၊ ကိုကျော်ကျော်အုန်း ဖုန်း-၀၉၂၀-၂၇၄၅၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝိဇ္ဇာသိဒ္ဓိ-မဟိဒ္ဓိစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချော်တွင်းကုန်း တုလွတ်အောင်မြေကျောင်းတိုက်ကြီးအတွင်း၌ တည်ထားကိုးကွယ်တော်မူသော ဝိဇ္ဇာသိဒ္ဓိ-မဟိဒ္ဓိစေတီတော်မြတ်အား (၁၁)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်နှင့် တုလွတ်အောင်မြေကျောင်းတိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝိလာသ မဟာထေရ်မြတ်၏ သက်တော်(၇၈) နှစ်ပြည့် ဝိဇာတ(မွေးနေ့)မင်္ဂလာအထိမ်းအမှတ်၊ (၂၂)ကြိမ်မြောက် မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၂ ရက်မှစ၍ ၁၆ရက်အထိ အသံမစဲရွတ်ဖတ်ပူဇော်ပြီး ယင်းနေ့ညနေ ၃ နာရီတွင် ပင့်သံဃာတော်၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်အဖြစ် မတ်၁၇ရက်တွင် ပုလဲအရှင်ပညာဝံသ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ၁၈ ရက်တွင် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိကဗဟုဇနဟိတဓရ) ဆရာတော်တို့က ည ၇နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၂၇၃၁၂ နှင့် ၆၆၁၆၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ် ၄ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်း- စာ-၃) (သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည်ချန်ပီယံလုပွဲကြီး လုံးချော(ညောင်တုန်း)နှင့် ရွှေဆိုင်း (မြိုင်ကြီးငူ)တို့ ယှဉ်ပြိုင်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SUPER ကွေကွာ (Shwe Super Light Co., Ltd.)၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ကိုစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင် ဗီဒီယို) တာဝန်ယူ စီစဉ်သည့် စူပါကွေကာ မြန်မာပြည် ချန်ပီယံလုပွဲကြီး (အသည်းကောင်းလို့ပွဲတောင်းသူများ ပွဲစဉ်-၂)ကို မတ် ၉ ရက် (တနင်္ဂနွေ

ပထမတန်းချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငူ)။

နေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာပြည် အလွတ်တန်းထပ်ဆင့် ရွှေခါးပတ် ချန်ပီယံ လုံးချော (ညောင်တုန်း) နှင့် မြန်မာပြည် ပထမတန်း ချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငူ) တို့၏ အထူးစိန်ခေါ်ပွဲကြီး ပါဝင်မည်ဖြစ်သည်။

ယခုပွဲကြီး၏အဓိကစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်မည့် လုံးချောနှင့်ရွှေဆိုင်း တို့သည်MCC (မြန်မာကွန်ဗင်းရှင်းစင်တာ)တွင် ပထမအကြိမ်၊ မြိုင်ကြီးငူ အထူးဒေသတွင် ဒုတိယအကြိမ်၊ MCC ၌ တတိယနှင့် နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ကြရာ သရေပွဲများသာဖြစ်ခဲ့သည်။ ထိုသို့ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေဆိုင်းက ပထမတန်းချန်ပီယံဘွဲ့ခံ ဝမ်ချိုင်းအား အနိုင်ယူခဲ့သဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းချန်ပီယံဘွဲ့ကို ခံယူထားချိန်ဖြစ်ပြီး လုံးချောက စိန်ခေါ်သူအဖြစ် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦး နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ပြီး တစ်လအကြာတွင် ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲကြီး ၂၀၀၆ခုနှစ်တွင် လုံးချောက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေဝါထွန်းအား အမှတ်ဖြင့်အနိုင်ရရှိကာ အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ ဖြစ်ခဲ့သည်။ ရွှေဆိုင်းကို ထိုပြိုင်ပွဲသို့ ဖိတ်ခေါ်ခဲ့သော်လည်းပြိုင်ပွဲမဝင်ရောက်ခဲ့သည့်အပြင် ရိုးရာလက်ဝှေ့ ထိုးသတ်ခြင်းကို ရပ်နားခဲ့သည်။ လုံးချောက ပထမအကြိမ် ရွှေခါးပတ်ချန်ပီယံ ဖြစ်ခဲ့ပြီး ရွှေဝါထွန်း၊ ဝမ်ချိုင်း၊ စောငမန်းတို့အား အနိုင်ရယူပြီး ဂျပန်ပြည်သို့ သုံးကြိမ် သွားရောက်၍ ဂျပန်၊ အမေရိကန်လက်ဝှေ့သမားများကို အနိုင်ပွဲရယူခဲ့သည်။

လုံးချောအနေဖြင့် မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ်၏ အလွတ်တန်းထပ်ဆင့် ရွှေခါးပတ်ချန်ပီယံဘွဲ့ကိုခံယူနိုင်ခဲ့သော်လည်းပထမတန်းချန်ပီယံဘွဲ့ခံ ရွှေဆိုင်းကို စိန်ခေါ်ပွဲအနေဖြင့် အလဲထိုးအနိုင်မယူနိုင်ခဲ့ခြင်းကြောင့်အချို့က ယခုအချိန်ထိ လုံးချောကို ပထမတန်းချန်ပီယံအဖြစ် အသိ

အလွတ်တန်း ထပ်ဆင့် ရွှေခါးပတ် ချန်ပီယံ လုံးချော (ညောင်တုန်း)။

အမှတ် မပြုသေးဘဲ ရွှေဆိုင်းကိုသာ ပထမတန်းချန်ပီယံအဖြစ်စွဲမှတ်မျှော်လင့်ထားကြသည်။

ယခုအခါ ၎င်းတို့မျှော်လင့်ထားသည့်အတိုင်း ရွှေဆိုင်းက ရိုးရာလက်ဝှေ့ လောကထဲသို့ ပြန်လည်ဝင်ရောက်လာသည့်အတွက် မည်သူချန်ပီယံအစစ် ဖြစ်သည်ကို တိတိပပ သိမြင်ခွင့်ရကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအပြင် (၂၀၀၇ ရွှေခါးပတ်ချန်ပီယံ) စစ်သွေး (ဘိလပ်မြေစက်ရုံ) နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုနှင့် အကောင်းဆုံးဆုရ ဒေါဂျစ် (လယ်/ဆည်)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရစောဂပရေမှူး (တွံတေး)နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)၊ ရှမဝ (ဒေါင်းမြန်မာ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ ဝမ်ရှိ (ဧရာဝတီ)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ မိုးသီး (မြန်မာပြည်သား)နှင့် သိန်းညီညီ (အလင်းရောင်)၊ သိန်းချာန် (ရက္ခဗျာလ)နှင့် ဂျိုးမတေ(သူရဲကောင်း)၊စောဇော်လင်း (ရွှေလက်ရာ)နှင့် ဖိုးလုံး(မြန်မာပြည်သား)၊ မိုက်သဲလေး (ဒေါင်းမြန်မာ)နှင့် ဒေါန (ရွှေလက်ရာ)၊ ကျော်ခေါက် (ဒေါင်းမြန်မာ)နှင့် ပအို့လေး (အလင်းရောင်) ငါးချီစိန်ခေါ်ပွဲစဉ်များ၊ အထူး လေးချီစိန်ခေါ်ပွဲများဖြင့် ၁၀ပွဲ တိတိ စီစဉ်ထားသည်။

ဝင်ကြေးအဖြစ် ကျပ် ၄၀၀၀၊ ၆၀၀၀ သတ်မှတ်ထားပြီး လိုအပ်သည့်အချက်အလက်များနှင့် ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယို အမှတ်၁၇၄၊၃၅လမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၈၇၆၅၀နှင့် ၀၉-၅၁-၂၉၂၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ဆရာတော်အရှင်ဇဝန ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၄

ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ချင်းတွင်းလမ်းရှိ မန္တလေးကျောင်းတိုက် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)ဆရာတော်သည် မတ် ၅ ရက်မှ ၇ ရက်အထိ ကျောင်းကုန်း၊ ၈ ရက်မှ ၁၀ ရက်အထိ ချောင်းသာ၊ ၁၁ ရက်မှ ၁၃ ရက်အထိ ဧရာဝတီတိုင်း(မြင်းကကုန်း)၊ ၁၄ ရက်မှ ၁၆ ရက်အထိ ကလေးမြို့၊ ၁၇ ရက်တွင် ကျောက်တန်း(ကမာကလုတ်)၊ ၁၈ ရက်နှင့် ၁၉ ရက်တွင် မုံရွာမြို့၊ ၂၁ ရက်မှ ၂၃ ရက်အထိ ကျုံဒိုး၊ ၂၄ ရက်မှ ၂၆ ရက်အထိ ကရင်ပြည်နယ် ဘားအံမြို့၊ ၂၇ ရက်တွင် ပဲခူးမြို့၊ ၂၈ ရက်တွင် ၃၈ လမ်းနှင့် မြောက်ဥက္ကလာ၊ ၂၉ ရက်မှ ၃၁ ရက်အထိ ဟသ်ာတမြို့(ယုံသလင်းရွာ)တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ကလောမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၈ရက်က အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းက ကြည့်ရှုစစ်ဆေးခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သိန်းသိန်းတင့်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှလုံးလှ ဒီမိုကရေစီ

တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူ အုပ်ချုပ်နေတာကနေ လာမယ့် ၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေ ကျင်းပပေးတော့မှာ ဖြစ်တယ်။ ဒါဟာ နိုင်ငံတော်အာဏာကို တပ်မတော် အစိုးရက ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ အရပ်သားအစိုးရထံ လွှဲပြောင်းပေးသွားမယ်လို့ ဆိုတာပါပဲ။

နိုင်ငံတော်အာဏာဆိုတာက အချုပ်အခြာ အာဏာဖြစ်တယ်။ အချုပ်အခြာအာဏာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာဆိုပြီး အာဏာသုံးရပ်ရှိတယ်။ ဒီနေ့ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေတာဖြစ်လို့ အဆိုပါ အာဏာသုံးရပ်စလုံးကို တပ်မတော်က ပြည်သူလူထုကိုယ်စား ထိန်းညှိကျင့်သုံးနေတယ်။

ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးချိန်မှာ အဲဒီ အာဏာသုံးရပ်ကို ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ပြည်သူလူထုရဲ့ကိုယ်စား ကျင့်သုံးသွားနိုင်တော့မှာ ဖြစ်တယ်။

ဒါဟာ ဝမ်းမြောက်စရာ မဟုတ်ပေဘူးလား။ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်တော့မှာ မဟုတ်ဘူးလား။ အဲဒီလို ကျင့်သုံးနိုင်ဖို့အတွက် ပြည်သူလူထုနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကြားမှာ ဝန်ခံကတိပြု စာချုပ်သဖွယ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်ခဲ့တယ် မဟုတ်လား။

ဒါကြောင့်မို့ တပ်မတော်က တာဝန်ယူ အုပ်ချုပ်နေတာကနေ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးနိုင်ဖို့အတွက် ပြည်သူ့ကိုယ်စားလှယ်တွေ ပါဝင်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုက မလွဲမသွေ အတည်ပြုပေးရတော့မှာ ဖြစ်တယ်။ လာမယ့် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့အတွက် ကြေညာချက်တွေ ထုတ်ပြန်ကြေညာ ဆောင်ရွက်နေတာ အားလုံးအသိပါပဲ။

အခုလို အချိန်ကန့်သတ်ချက် (Time Frame) အတိအကျနဲ့ ခင်းကျင်းချပြ ပေးလာပြန်တော့လည်း တပ်မတော်အစိုးရက အချိန်ဆွဲနေတယ်၊ အာဏာကို လွှဲမပေးချင်လို့ ကြန့်ကြာအောင် လုပ်နေတယ်လို့ တစ်လျှောက်လုံး ပုတ်ခတ်စွပ်စွဲနေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေ တိုက်ကွက်တစ်မျိုး ပြောင်းလာတာ တွေ့ရပြန်တယ်။

သူတို့လုပ်ပုံက သိကြားမင်း လူ့ပြည်ဆင်းပြီး နွားယောင် ဖန်ဆင်းပေးတာတောင် နားရွက်ကားသလေး၊ ချိုထောင်သလေးနဲ့ ကြေးများနေတဲ့ ပုံပြင်ထဲက အတ္တအကျဉ်းသားတွေ အတိုင်းပါပဲလား။ ဒါကြောင့်မို့ လူ့အလို နတ်မလိုက်နိုင်ဆိုတဲ့စကား ပေါ်ပေါက်လာတာပဲ ထင်ပါတယ်။

ဒါဟာ လင်းနို့ခွန်တောင်းချိန်မှာ ကြွက်ယောင်ဆောင်ပြီး ကြွက်ခွန်တောင်းချိန်မှာ လင်းနို့ယောင်ပြန်ဆောင်တဲ့ နိုင်ငံရေးသမားတွေရဲ့ မသမာတဲ့ လက်တစ်လုံးခြား လုပ်ရပ်ပဲ ဖြစ်တယ်။ တကယ်တမ်း ဆန်းစစ်ကြည့်လိုက်မှ သူတို့လိုချင်တာက ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေး မဟုတ်ဘဲ တစ်ပါတီ အာဏာကြီးစိုးရေးစနစ်မှန်း သိရတော့တယ်။

မြန်မာနိုင်ငံမှာ အမှန်တကယ် သူတို့လိုချင်တာက အာဏာပဲဖြစ်တယ်။ အာဏာကိုဖြတ်လမ်းကယူဖို့ပဲ ဖြစ်တယ်။ ဒီမိုကရေစီ နည်းလမ်းတကျနဲ့ အာဏာလွှဲပြောင်းမှာကို မလိုလားလို့ဖြစ်တယ်။ သူတို့ရဲ့ အဲဒီလိုလားချက်ကို ပြည်သူလူထု မရိပ်မိအောင်လည်း ပိပိရိရိ လိမ်လည်လေ့ရှိတယ်။ ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်စေမယ့် သွေးခွဲသပ်လျှိုလုပ်ကြံမှု အမျိုးမျိုးကိုလည်း လုပ်တတ်ကြတယ်။ တတ်လည်းတတ်နိုင်ပါပေ့ကွယ်လို့ ပြောရတော့မှာ ဖြစ်တယ်။

ပြည်တွင်းပြည်ပ အဖျက်သမား နိုင်ငံရေးလုပ်စားသူတွေရဲ့ သွေးခွဲသပ်လျှိုလုပ်ကြံမှုတစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်က အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်တဲ့ အချက်တွေ ထည့်သွင်းရေးဆွဲထားတယ်ဆိုတာပဲ ဖြစ်တယ်။ အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ပေးထားတဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ဂဃနဏ နားမလည်သူတွေအတွက် သူတို့ရဲ့ထိုးနှက်ချက်ဟာ ထင်ယောင်ထင်မှား ဖြစ်ဖွယ်ရာပါပဲ။

သေသေချာချာ လေ့လာဆန်းစစ်ထားသူတွေကတော့ တပ်မတော်က အာဏာကို ဆက်လက်ချုပ်ကိုင်ထားဖို့အတွက်မဟုတ်ဘဲ ပြည်သူလူထုရဲ့ ကိုယ်စား အာဏာကိုထိန်းညှိပေးထားနိုင်ဖို့အတွက်ပဲ ဖြစ်တယ်ဆိုတာ သိနေကြပါတယ်။ ဒါဟာလည်း ဒီမိုကရေစီ ပြောင်းလဲကျင့်သုံးစ နိုင်ငံတိုင်းမှာလိုလို ပြုလုပ်လေ့ရှိတဲ့ နည်းစနစ်တစ်ခုဖြစ်လို့ အထူးအဆန်း မဟုတ်ပါ။ အကွပ်မဲ့ကြမ်း ပရမ်းပတာမဖြစ်အောင် ထိန်းညှိပေးထားတဲ့သဘောပါ။

အဲဒီသဘောထားအမှန်ကို နောကျေနေတဲ့ နိုင်ငံရေးသမားတွေက အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း လက်မခံနိုင်လို့ မျက်စိမှိတ် နားပိတ်ပြီး တစ်ဖက်သတ် ငြင်းဆန်နေကြတာပဲဖြစ်တယ်။ သူတို့စွပ်စွဲ ပုတ်ခတ်နေတဲ့အတိုင်း တပ်မတော်က အာဏာကို ဆက်လက်ချုပ်ကိုင်ထားချင်လို့လား၊ တပ်မတော်က ပြည်သူလူထုကိုယ်စား အာဏာကို ထိန်းညှိပေးထားနိုင်ဖို့လား ပိုင်းခြားသုံးသပ် ကြည့်ကြရအောင်။

ပထမဦးဆုံး ဥပဒေပြုရေးအာဏာ ခွဲဝေကျင့်သုံးတဲ့ လွှတ်တော်တွေမှာ တပ်မတော်သား ကိုယ်စားလှယ်တွေ ပါဝင်နေတာတွေ့ရမှာ ဖြစ်တယ်။ ဒါပေမယ့် ပါဝင်မယ့်အချိုးအစားက ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ သုံးပုံတစ်ပုံမျှသာ ဖြစ်တယ်။ ဥပမာအားဖြင့် ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်အများဆုံး ၄၄၀နဲ့ ဖွဲ့စည်းရမယ်လို့ အခြေခံမူချမှတ်ထားတယ်။ အဲ့ဒီ ၄၄၀ရအောင် လူဦးရေကိုအခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့ ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ ၁၁၀ ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စုပေါင်းဖွဲ့စည်းသွားရမှာ ဖြစ်တယ်။

အငြိမ်းစားဝန်ထမ်းတစ်ဦး

ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့ကိုယ်စားလှယ် ၃၃၀ ပါဝင်ပြီး တပ်မတော်သားကိုယ်စားလှယ် ၁၁၀ပဲ ပါဝင်တာမို့ တပ်မတော်သား ကိုယ်စားလှယ်က အရွေးချယ်ခံကိုယ်စားလှယ်ရဲ့ သုံးချိုးတစ်ချိုးပဲ ဖြစ်တယ်။ ဒီမိုကရေစီနည်းလမ်းအရ အများစုရဲ့ဆန္ဒကို အနည်းစုက လိုက်နာရမှာဖြစ်လို့ တပ်မတော်က ဘယ်လိုမှ လွှမ်းမိုးချုပ်ကိုင်ထားလို့ မရနိုင်ပါဘူး။

ထို့အတူပဲ အမျိုးသားလွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးနဲ့ ဖွဲ့စည်းသွားရမယ်လို့ သတ်မှတ်ထားတယ်။ တိုင်းဒေသကြီး (၇)ခုနဲ့ ပြည်နယ်(၇)ခုစီကနေ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာ ရွေးကောက်တင်မြှောက်ရမှာမို့ အဲဒီကနေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦးရရှိလာမှာ ဖြစ်တယ်။ အဲဒီ ၁၆၈ဦးရဲ့ သုံးပုံတစ်ပုံ ဖြစ်တဲ့ ကျန် ၅၆ ဦးက တပ်မတော်သား ကိုယ်စားလှယ်တွေပဲ ဖြစ်တယ်။ ဒါကြောင့်မို့ အမျိုးသားလွှတ်တော်မှာလည်း တပ်မတော်က ဘယ်လိုမှ လွှမ်းမိုးချုပ်ကိုင်ထားလို့ မရနိုင်ပါ။

အဲဒီပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ရပ် ဖွဲ့စည်းတဲ့ ပြည်ထောင်စုလွှတ်တော်မှာလည်း ဖော်ပြပါ ကိုယ်စားလှယ်ဦးရေအတိုင်း ရှိနေမှာမို့ အရွေးချယ်ခံကိုယ်စားလှယ်က သုံးပုံ၊ တပ်မတော်သား ကိုယ်စားလှယ်က တစ်ပုံပဲ ပါဝင်နေမှာ ဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီး လွှတ်တော်တွေ၊ ပြည်နယ်လွှတ်တော်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသတွေမှာ အထက်ပါအချိုးအစားအတိုင်း တပ်မတော်သား ကိုယ်စားလှယ်တွေနဲ့ ပါဝင်ဖွဲ့စည်းသွားမှာ ဖြစ်တယ်။

တပ်မတော်သား ကိုယ်စားလှယ်တွေ ပါဝင်နေတာဟာ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း မသွေဖည်ဘဲ လိုက်နာကျင့်သုံးသွားနိုင်အောင် ထိန်းညှိပေးထားတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်လိုထိန်းညှိပေးမှာလဲလို့ မေးစရာ ရှိပါတယ်။

ဒီမိုကရေစီနည်းလမ်းအရ လွှတ်တော်အသီးသီးမှာ ဥပဒေပြဋ္ဌာန်းတဲ့အခါတိုင်း မဲခွဲဆုံးဖြတ်ရလေ့ရှိပါတယ်။ မဲများတဲ့ဘက်က အနိုင်ရလေ့ရှိပါတယ်။ ဥပမာအားဖြင့် လွှတ်တော်တစ်ရပ်မှာ ပါတီတစ်ခုမှ ရွေးချယ်ခံကိုယ်စားလှယ်ဦးရေ တစ်ဖက်သတ် သာနေတယ်ဆိုပါစို့။ ၎င်းပါတီရဲ့ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံရဲ့ပိုင်နက်နယ်မြေတစ်ခုမှာ ပြည်ပ အခြေစိုက်စခန်းဖွင့်လှစ်ဖို့ခွင့်ပြုနိုင်အောင် ဥပဒေတစ်ရပ်တင်သွင်းလာမယ်ဆိုရင်၊ ဥပဒေပြုခွင့်ရအောင် နည်းမျိုးစုံနဲ့ကြိုးပမ်းလာမယ်ဆိုရင် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေက လက်ခံနိုင်မှာမဟုတ်ပါဘူး။ ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လက်ခံနိုင်မှာမဟုတ်ပါဘူး။ ပြည်သူလူထုကလည်း လက်ခံမှာမဟုတ်ပါဘူး။

အဲဒီအခါမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အမျိုးသားရေးဘက်က ခိုင်ခိုင်မတ်မတ် ရပ်တည်နေတဲ့ ကိုယ်စားလှယ်များအနေနဲ့ တစ်ဖက်ကတင်သွင်းလာတဲ့ အဲဒီဥပဒေမူကြမ်းကို ကန့်ကွက်နိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလို အာဏာရပါတီ အကျိုးစီးပွားအတွက် တစ်ဖက်သတ်လုပ်ရပ်တွေ၊ စည်းလွတ်၊ ဝါးလွတ်မလုပ်နိုင်အောင် တပ်မတော်သား ကိုယ်စားလှယ်တွေ ပါဝင်ထိန်းညှိပေးဖို့ အချိန်ကာလ အတိုင်းအတာတစ်ရပ်အထိ လိုအပ်နေတယ်ဆိုတာ အားလုံးသဘောပေါက်ကြမှာ ဖြစ်ပါတယ်။

နောင်တစ်ချိန် ဒီမိုကရေစီ အလေ့အကျင့် ရင့်ကျက်တည်ငြိမ်လာတဲ့ အချိန်ကျရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ခွင့်လည်း ပေးထားပါတယ်။

ဒါကြောင့်မို့ လှေနံဓားထစ်၊ တစ်နဲ့တစ်ပေါင်း နှစ်ဖြစ်တယ်ဆိုတဲ့ ဈေးတွက် တွက်နည်းတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရှုမြင်သုံးသပ်ဖို့ မသင့်ဘူးလို့ တင်ပြလိုပါတယ်။ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးရာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာ စွဲကိုင်ကျင့်သုံးတဲ့ အဖွဲ့အစည်းအချင်းချင်း ထိန်းညှိပေးနိုင်ဖို့နဲ့ အဖွဲ့အစည်း တစ်ခုချင်းအတွင်းမှာလည်း ထိန်းညှိပေးနိုင်ဖို့အတွက် တပ်မတော်သား ကိုယ်စားလှယ်တွေ ပါဝင်နေရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တစ်ပါတီဆိုရှယ်လစ်စနစ်ကနေ ပါတီစုံဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းကျင့်သုံးမယ့် နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီ အလေ့အကျင့်တွေ ရင့်ကျက်ကြွယ်ဝအောင် ကိုယ်စီကိုယ်င ပျိုးထောင်သွားကြရဦးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလိုပဲ ကမ္ဘာ့နိုင်ငံပေါင်း ၃၀နီးပါးမှာ ကိုယ့်နိုင်ငံရဲ့ ပကတိအရှိတရားနှင့် လက်တွေ့အနေအထားအရ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုပြီး လွှတ်တော်အဆင့်ဆင့်မှာ ရွေးကောက်တင်မြှောက်မှု မပြုဘဲ သီးခြားခန့်အပ်တာဝန်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ရှိနေကြပါတယ်။

ဒါကြောင့်မို့ **"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"** ဆိုထုံးကို နှလုံးမူနိုင်ကြပါစေလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

အခုလို အချိန်ကန့်သတ်ချက် (Time Frame) အတိအကျနဲ့ ခင်းကျင်းချပြပေးလာပြန်တော့လည်း တပ်မတော်အစိုးရက အချိန်ဆွဲနေတယ်၊ အာဏာကို လွှဲမပေးချင်လို့ ကြန့်ကြာအောင်လုပ်နေတယ်လို့ တစ်လျှောက်လုံး ပုတ်ခတ်စွပ်စွဲနေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေ တိုက်ကွက်တစ်မျိုးပြောင်းလာတာ တွေ့ရပြန်တယ်။

သေသေချာချာ လေ့လာဆန်းစစ်ထားသူတွေကတော့ တပ်မတော်က အာဏာကို ဆက်လက်ချုပ်ကိုင်ထားဖို့အတွက်မဟုတ်ဘဲ ပြည်သူလူထုရဲ့ကိုယ်စား အာဏာကို ထိန်းညှိပေးထားနိုင်ဖို့အတွက်ပဲ ဖြစ်တယ်ဆိုတာ သိနေကြပါတယ်။ ဒါဟာလည်း ဒီမိုကရေစီ ပြောင်းလဲကျင့်သုံးစ နိုင်ငံတိုင်းမှာလိုလို ပြုလုပ်လေ့ရှိတဲ့ နည်းစနစ်တစ်ခုဖြစ်လို့ အထူးအဆန်းမဟုတ်ပါ။ အကွပ်မဲ့ကြမ်း ပရမ်းပတာမဖြစ်အောင် ထိန်းညှိပေးထားတဲ့ သဘောပါ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တား နှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမား များကိုပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် ၄၄ လမ်း အမှတ် ၄၄ နေ ဒုတိယဗိုလ်မှူးကြီး သိန်းစိုးအောင်–ဒေါ်တင်ရီတို့က မတ် ၁၁ ရက်တွင် ကျရောက်မည့် (၃၃)နှစ်ပြည့် လက်ထပ်မင်္ဂလာအတွက် ရွှေတိဂုံစေတီတော်မြတ်သို့ ရွှေပါးလွှာ ၁၂ပဲသား တစ်ချပ်အတွက် အလှူငွေကျပ် လေးသိန်း ခုနစ်သောင်းခုနစ်ထောင်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ် လက်ခံစဉ်။ (က–ပ)

တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်အရေးယူဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၄

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ (၃/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးကို မတ် ၁ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ဗဟိုထိန်းချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ဒုတိယရှေ့နေချုပ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များ၏ တိုးတက်မှုများ၊ အာရှ–ပစိဖိတ်ဒေသ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုများ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာနေ ပြည်သူများအား အကျိုးပြုမည့် ခရိုင်ချင်းဆက်လမ်း ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေသော ခရိုင်ချင်းဆက် လမ်းအမှတ်(၁) တံတားဦးမြို့နယ် ဇေဒရိုင်းကျေးရွာ အနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက ကတ္တရာခင်းမည့် ၄၂ မိုင် ၇ ဖာလုံအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် တံတားဦးမြို့နယ်မှ ဆောင်ရွက်နေသည့် ကတ္တရာလမ်း ၅ မိုင် ၇ ဖာလုံ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် မိုင်တိုင် အမှတ် ၇၆/၅ အနီး ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြင်းခြံမြို့နယ်မှ မိုင်တိုင်အမှတ် ၆၆/၄ ၌ ၁၂ မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်း၊ နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုင်တိုင်အမှတ် ၅၈/၆ နေရာ၌ ကတ္တရာခင်းခြင်းလုပ်ငန်း၊ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၁၂မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် လမ်းပိုင်း၄၁/၇မိုင် အနီး ကတ္တရာလမ်း ၄ မိုင် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအလိုက် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အပြီး ဆောင်ရွက်ရန် မှာကြားသည်။

အကျိုးပြု

မန္တလေးတိုင်းအတွင်း ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နေသည့် ၄၂မိုင်၇ဖာလုံအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမည်ဖြစ်ပြီး လမ်းတစ်လျှောက် ဖြတ်သန်းသည့် ကျေးရွာ ၂၂ရွာနှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၃၁ရွာရှိ ကျေးရွာနေပြည်သူများအား အကျိုးပြုသွားမည့် ခရိုင်ချင်းဆက် ကတ္တရာလမ်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆု ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၄

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက မကွေးတိုင်း ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီနာယက အဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အမှာစကားပြောကြားပြီး ၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုရ ဆရာကြီး ဒေါက်တာ သော်ကောင်း (ဦးသော်ကောင်း)၊ ကဗျာပေါင်းချုပ်ပထမဆုရ ပန်းတစ်ခြင်းနှင့် ဈေးခင်းအလယ် ကဗျာများရေးသားသူ သန်းအောင်(အညာမြေ) **(အောက်ပုံ)**၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ တေးသီငှက်၏ ထာဝရ မိုးကောင်းကင် ကဗျာစု ရေးသားသူ အောင်သာဆန်း (သံတွဲ)၊ ကဗျာပေါင်းချုပ် တတိယဆုရ မုဒိတာဖျန်းတဲ့ မြကျွန်းမြေ ကဗျာများ ရေးသားသူ မြေလတ်မင်းလွင်၊ဝတ္ထုရှည် ပထမဆုရ ပိုးမင်းစိမ်းဖြူ ပျံသန်းလေစေတော်မူ ရေးသားသူ သိန်းသန်းဝင်း (မလှိုင်)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ မိုးဦးလေနှင့်လျှောတော့သည်နှင့် အခြားဝတ္ထုတိုများ ရေးသားသူ ကျွန်းစဉ်မြေစာခက်၊ ဝတ္ထုတို ပေါင်းချုပ် တတိယဆုရ ပိုးကွန်ရက်နှင့် တူသောလက်များ ဝတ္ထုတိုပေါင်းချုပ်ရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ ကျမ်းစာပေ ပထမဆုရ ရှေးခေတ်မြန်မာစာပေဆိုင်ရာ ကျမ်းများ လေ့လာမှု ရေးသားသူ မောင်မောင်ညွန့် (မန်းတက္ကသိုလ်)၊ သုတေသနစာပေ ပထမဆုရ မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ ရေးသားသူ မောင်ယဉ်လှိုင် (ပျဉ်းမငြိုင်)နှင့် သုတေသနစာပေ ဒုတိယဆုရ ကုန်းဘောင်ခေတ် (ပထမပိုင်း) ဂန္ထဝင် မြန်မာစာပေ မိတ်ဆက် ရေးသားသူ နီငြိမ်း (အညာတက္ကသိုလ်) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)ကရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆု ရရှိသော မစုဦးထက်(ဒုတိယနှစ်သဘင်အထူးပြု)၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆု ရရှိသော မောင်မင်းမင်းမြတ် (ပထမနှစ် ဂီတအထူးပြု)၊ ပခုက္ကူဦးအုံးဖေ မြန်မာစာက ထူးချွန်ဆု ရရှိကြသော မဥမ္မာမြင့်(ရွှေဘိုဒီဂရီကောလိပ်)၊ မောင်လွင်မော်ဦး(မိုးညှင်းဒီဂရီကောလိပ်)၊ မကိမ်သယ်(ကလေးတက္ကသိုလ်)နှင့် မသူရိန်ဝင့်ဝင့်ဟန် (ဒဂုံတက္ကသိုလ်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအား လည်းကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပခုက္ကူ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးငွေအောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု သင်္ချာဘာသာရပ် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်၊ ရူပဗေဒဘာသာရပ်၊ ဇီဝဗေဒဘာသာရပ်၊ ပထဝီဝင် ဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ဘောဂဗေဒ ဘာသာရပ်နှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တို့တွင် ပထမဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာပေဆု အလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆွေက စာပေဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆုရရှိကြသော "ပင်းယ–အင်းဝခေတ်မှ သမိုင်းဝင် စေတီပုထိုးများ (၆၇၂–၁၂၄၇)" စာအုပ်ရေးသားသူ ဒေါက်တာ တိုးလှနှင့် "ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး သမိုင်းစုံ" စာအုပ်ရေးသားသူ မောင်စိုးထိုက်(သုံးဆယ်)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆု ရရှိသော စာရေးဆရာကြီး ဒေါက်တာ သော်ကောင်း (ဦးသော်ကောင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ဟောပြော

အဆိုပါ အခမ်းအနား အထိမ်းအမှတ်အဖြစ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချသည့်အပြင် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း ရုပ်ရှင်ဖြင့် ပြသပြီး စာပေဆုရ စာရေးဆရာများက လည်း စာပေရေးရာများ ဟောပြောကြသည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁/၂၀၀၈)တွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (စက်မှု-၁)

ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၄

Ministry Intranet System ကွန်ပျူတာ မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၈)နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၀၈) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၇နာရီက နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၀၈)တွင် ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များနှင့် Ministry Intranet System ကွန်ပျူတာ မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၈) သင်တန်းဆင်းလက်မှတ်များကို သင်တန်းခေါင်းဆောင်တို့ထံ ပေးအပ်သည်။

ချီးမြှင့်

ထို့နောက် ဝန်ကြီးသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်း၊ အရာထမ်းငယ် အခြေခံသင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ်၂ရက်က ထားဝယ်မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ Royal Garden Restaurent တွင် ကျင်းပရာ (ဦးသန်းလှ-ငြိမ်း) သံအမတ်ကြီး - (ဒေါ်လှမြင့်၊ ဂုဏ်ထူးဆောင်နာယက) မိသားစုက အသင်းအဆောက်အအုံထိန်းသိမ်းရေး ရန်ပုံငွေအတွက် လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ကို သားဖြစ်သူ ဦးကျော်လွင်လှနှင့်ဇနီး ဒေါ်နေနွယ်ဗဆွေတို့ကပေးအပ်ရာ ဦးဆောင်နာယကဦးလှတင် လက်ခံယူစဉ်။ (က-ပ)

ဒဂုံမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ကျောင်းတွင်းသင်ထောက်ကူပြိုင်ပွဲတွင် ပထမဆုရရှိသော ပထမတန်းသင် ဆရာမများအား ဒဂုံမြို့နယ်ပညာရေးမှူး ဦးမင်းစိန်က ဆုချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ တရားကောင်းတော့ တစ်ဂါထာ တရားတော် (အောင်စကြာ ဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၈:၁၀ - ၂:၁၀ Industrial Talk [ဦးတင်လှိုင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၃၅ - ၂:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀ - ၃:၀၀ သာယာပျော်ရွှင် စိမ်းလဲ့တင်
၉:၁၅ - ၃:၁၅ ပြည်တွင်း သတင်းအကျဉ်း
၉:၂၅ - ၃:၂၅ တေးဂီတအစီအစဉ်
၉:၃၀ - ၃:၃၀ Midweek Sports News
၉:၄၅ - ၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ - ၃:၅၀ တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅ ရွှေညာမြေမှ လက်ဆောင်မွန်
၁၀:၀၅ - ၄:၀၅ မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ - ၄:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ - ၄:၁၅ ကလေးတို့အတွက် လက်ဆောင် (မီးပြတိုက်နှင့် လှေငယ်လေး ခေါက်ကြရအောင်)
၁၀:၃၅ - ၄:၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅ - ၄:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ - ၄:၅၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကော်ပြန့်စိမ်းပြုလုပ်နည်း)
၁၁:၀၅ - ၅:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ - ၅:၁၀ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁:၂၅ - ၅:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀ နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ(Sakura Tower)
၁၁:၅၅ - ၅:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ - ၆:၀၀ ကပ်လှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဝယ်
၁၂:၃၀ - ၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ - ၆:၃၅ International Video Topics (မြောက်ပင်လယ်တံတိုင်း)
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၃၀	Chelsea- Olympiacos	Star Sport(Live)
၂:၀၀	Real Madirid-Roma	ESPN(Live)
၄:၃၀	Porto-Schalke	ESPN(SDD)

တနင်္သာရီတိုင်း ပြန်/ဆက် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၏ နှစ်ပတ်လည်အစည်းအဝေး လမ်းညွှန်ချက်များ ရှင်းလင်းပွဲနှင့် ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက မြိတ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ၂၀၀၇ခုနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးလမ်းညွှန်ချက်များကို ရှင်းလင်းမှာကြားသည်။ **(အောက်ပုံ)** ထို့နောက် တနင်္သာရီတိုင်း ဥပ္ပါဒသန္တိ သုတ်အာဂုံရွတ်ဆို ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒေါ်ချိုချိုစန်း (လုပ်သား/ရုပ်သံ)အား လက်ထောက်ညွှန်ကြားရေးမှူးက ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၈ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းမှာကြားကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မီး အစဉ်သတိပြု

မြန်မာ့အလင်း မှုခင်း သတင်းများ

ရွှေရည်စိမ် ကြေးလက်စွပ် လိမ်လည်ပေါင်နှံသူအား အရေးယူ

ရန်ကုန် မတ် ၄

မတ် ၂ရက် မွန်းတည့် ၁၂ နာရီ အချိန်ခန့်တွင် သန်လျင်မြို့နယ် အမှုထမ်း ရပ်ကွက်ရှိ ဒေါ်အေးဝင်း၏အိမ်ရှေ့ အပေါင်ဆိုင်သို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ကျောက်ဖြူတစ်လုံးပါ ကျားဝတ် လက်စွပ် တစ်ကွင်းအား တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ဖြင့် ပေါင်နှံသဖြင့် ဆိုင်ရှင်ဒေါ်အေးဝင်းမှ စစ်ဆေးကြည့်ရှုရာ အလေးချိန် ငါးပဲသားခန့်ရှိ ရွှေရည်စိမ် ကြေးလက်စွပ်ဖြစ်နေကြောင်း စစ်ဆေး တွေ့ရှိသဖြင့် သန်လျင်ရဲစခန်း သို့တိုင်တန်းခဲ့သည်။

အရေးယူ

ရွှေရည်စိမ် ကြေးလက်စွပ်အား ပေါင်နှံသူ ဒေါ်ခင်ရီ စစ်ပင်ခံကျေးရွာ သုံးခွမြို့နယ်နေသူအား သန်လျင်ရဲစခန်းမှ (ပ)၂၀၁/၀၈ ဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တယ်လီဖုန်းရုံ မှန်ရိုက်ခွဲသူများအား အရေးယူ

ရန်ကုန် မတ် ၄

လှိုင်မြို့နယ် ၁၀ ရပ်ကွက် ပြည်လမ်း တံတားဖြူမှတ်တိုင်အနီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ဟံသာဝတီ အိတ်ချိန်းနယ်မြေ (၂၂)အများပြည်သူသုံးတယ်လီဖုန်းရုံတွင် ကာရံထားသော မှန်များအား မတ် ၁ ရက် ည ၈နာရီခန့်က အမှတ်-၁၅၃၀ ထူပါရုံ ၉ လမ်း (၁)ရပ်ကွက် သာကေတမြို့နယ်နေ သီဟဦး (၂၁ နှစ်) (ဘ)ဦးမြနှင့် အမှတ် ၁၅၊ ၅ လမ်း သီရိမွန်ပလာဇာဝင်း မရမ်းကုန်း မြို့နယ်နေ စိုးဝင်းထက် (၁၉ နှစ်) (ဘ) ဦးတင်စိုးတို့ နှစ်ဦးသည် အရက်မူးယစ်ပြီး ကာလတန်ဖိုးငွေကျပ် ၆၀၀၀ တန်ဖိုးရှိ တယ်လီဖုန်းရုံမှန် ၂၃x၁၈ လက်မ အကျယ် မှန်နှစ်ချပ်အား ရိုက်ခွဲဖျက်ဆီးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဟံသာဝတီအိတ်ချိန်းမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းရွှေက တရားလိုပြုလုပ်၍ လှိုင်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် ရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၉၅/၂၀၀၈ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိုင်စင်မဲ့ ဆိုင်ကယ်စီးနင်းသူ ဖမ်းဆီး အရေးယူ

ရန်ကုန် မတ် ၄

မတ် ၁ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံရဲစခန်းမှ ရဲအုပ် စိုးလှိုင်ဦးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ဝါယာလက်ဈေးထိပ်၌ယာဉ်များအားရပ်တန့်စစ်ဆေးရာ ဝင်းကိုနိုင် ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ် နေသူ မောင်းနှင်လာသည့် နံပါတ်မပါ တရုတ်နိုင်ငံလုပ် ကမ်ဘိုအမျိုးအစား ကျောက်စိမ်းရောင်သည် လိုင်စင်မဲ့ဆိုင်ကယ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူ ဝင်းကိုနိုင်အား မင်္ဂလာဒုံ ရဲစခန်းမှ (ပ)၁၅၃/၀၈၊ သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ၅ (၁)/၅(၃)ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဆင်မခြင် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၄

မတ်၂ရက် နံနက်၈နာရီခွဲခန့်က ကော့မှူးသို့ ယာဉ်မောင်း မြင့်ကျော် ဘုရားလမ်း တောင်ပိုင်းရပ်ကွက် ကော့မှူးမြို့နယ်နေသူ မောင်းနှင်သည့် ၂က/၅၆၁၃ ဒိုင်နာအမျိုးအစား ခရီးသည်တင်ယာဉ်သည် ပျော်ဘွယ်လေး လမ်းဆုံအနီးအရောက် ရှေ့မှ မှန်လုံယာဉ်အားကျော်တက်ရာ လမ်းဖြတ်ကူးသူ ဒေါ်လုံးတင် ဝါးဘလောက်သောက်နေသူအား ဝင်ရောက်တိုက်မိသဖြင့် ဒေါ်လုံးတင်၏ ဦးခေါင်းနောက်စေ့ဖူးရောင်၊နှာခေါင်းသွေးထွက် ဒဏ်ရာရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက် ကုသနေရသည်။

အမှုဖွင့်

ယာဉ်အား မဆင်မခြင်မောင်းနှင်သူ မြင့်ကျော်အား တွံတေးရဲစခန်းမှ (ပ) ၆၁/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယောက္ခမ က သားမက်အား ဓားဖြင့်ခုတ်

ရန်ကုန် မတ် ၄

နေပြည်တော်ပျဉ်းမနား ညောင်ဝိုင်းကျေးရွာ၌ မတ် ၁ ရက် ၁၀နာရီခွဲခန့်က တစ်အိမ်တည်းအတူနေ မင်းမင်းဇော် (၂၂ နှစ်) (ဘ)ဦးကိုကိုနှင့် ယောက္ခမဖြစ်သူ ဦးအောင်တင့် (၄၉ နှစ်) (ဘ) ဦးရွှေဗိုင်းတို့ မိသားစုကိစ္စ စကားများရန်ဖြစ်ရာ ဦးအောင်တင့်က ဓားမြှောင်ခုတ်သဖြင့် မင်းမင်းဇော်၏ ဝဲဘက်နဖူးတွင် ကွဲရှဒဏ်ရာ တစ်ချက်ရရှိသွားသည်။ မင်းမင်းဇော်မှာ တစ်ရွာတည်းနေ ဦးလေးဖြစ်သူ ဦးမောင်တင် နေအိမ်သို့ထွက်ပြေးခဲ့ပြီး ဦးမောင်တင်၏နေအိမ်အရောက်တွင် သတိလစ်မေ့မြောသွားသဖြင့် နေပြည်တော်ပျဉ်းမနား ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော် အမှတ်(၁)ရဲစခန်းမှ အောင်တင့်အပေါ် (ပ) သတင်းအချက် အမှတ် ၂၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် ၃၂၆ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကြီးမြို့ ကျက်သရေဆောင် မဟာသိဝစေတီတော်မြတ်ကြီး ထီးတော်တင်လှူမည်

ရန်ကုန် မတ် ၄

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ ကျက်သရေဆောင် မဟာသိဝစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲကို မတ် ၂၁ ရက်နှင့် ၂၂ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ထူးကြီးမြို့သူ မြို့သားများ၊ စေတီတော်ကြီး ထီးတော်တင်လှူပွဲအတွက် လှူဒါန်းလိုသူများနှင့် ထီးတော်တင်လှူပွဲသို့ လိုက်ပါလိုသူများသည် ဦးမြင့်သိန်း ဖုန်း-၂၉၃၀၅၆၊ ဦးမျိုးသန့် ဖုန်း-၂၉၇၆၄၂၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဦးထွန်းရွှေ ဖုန်း-၅၄၉၃၇၆၊ ဦးဇော်ဌေး ဖုန်း-၂၀၀၃၆၀ နှင့် ဒေါ်ယဉ်ယဉ်ဌေး ဖုန်း-၇၂၂၀၁၅ တို့သို့ မတ် ၁၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝိပဿနာ အလုပ်ပေး တစ်လ တရားစခန်းပွဲ

ရန်ကုန် မတ် ၄

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲအမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)မှ မေ ၅ ရက် (တနင်္လာနေ့)အထိ တစ်လ တရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်သည်။

အဆိုပါ တစ်လ တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်များဖြစ်သော ဓမ္မကထိက အင်းမမြို့ တက္ကသိုလ်ကျောင်း ဆရာတော် အရှင်ဦးဇာဂရ အရှင်သူမြတ်၊ ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်နှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့က ဗုဒ္ဓအလိုကျ ပရိညာသုံးပါး အခြေခံထား၍ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ် တရားများကို ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ဟောပြောပြသကြမည် ဖြစ်သည်။

လိုက်ပါလိုသော ယောဂီများသည် ဖုန်း-၅၅၄၄၃၅၊ ၅၈၄၈၆၇၊ ၀၉-၅၀-၄၁၈၆၀ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ ပြည်ထဲရေး အသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပြည်ထဲရေး အမျိုးသမီးအသင်း ဗိုလ်စွဲ

ရန်ကုန် မတ် ၄

သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး အလွတ်တန်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ ပွဲချိန်မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ကန်ရာ ပြည်ထဲရေးအသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြည်ထဲရေးအသင်း - ခြောက်ဂိုး။

(စန်းစန်းသိန်း-နှစ်ဂိုး၊ နွယ်နွယ်တိုး၊ စန်းစန်းမော်၊ ခင်မိုးဝေနှင့် စုစုဝေ တစ်ဂိုးစီ)။

ပို့ဆောင်ရေးအသင်း - လေးဂိုး။

(ဇင်မာဝမ်း၊ အေးနန္ဒာလှိုင်၊ သက်သက်ဝင်းနှင့် မြင့်မြင့်အေး တစ်ဂိုးစီ)။

ပယ်နယ်တီ

မြန်မာ့လက်ရွေးစင် ကစားသမားအများဆုံးပါဝင်သော အသင်းနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အကြိတ်အနယ်ဖြစ်ခဲ့ပြီး ပယ်နယ်တီဖြင့်ဆုံးဖြတ်ရသည်အထိ ဖြစ်ခဲ့သည်။ ပွဲအစ ၈ မိနစ်တွင် ဇင်မာဝမ်းက ပို့ဆောင်ရေးအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ၂၄ မိနစ်၌ စန်းစန်းသိန်းက ပြည်ထဲရေးအတွက် ချေပဂိုးသွင်းယူသွားသည်။ ထို့နောက်တွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ အချိန်ပို ပယ်နယ်တီဖြင့် ခရီးဆက်ခဲ့ရသည်။

ဗိုလ်စွဲ

ပယ်နယ်တီဖြင့် အဆုံးအဖြတ်ကန်ရာတွင် ပြည်ထဲရေးမှ နွယ်နွယ်တိုး၊ စန်းစန်းမော်၊ ခင်မိုးဝေ၊ စုစုဝေနှင့် စန်းစန်းသိန်းတို့ ငါးဂိုးစလုံး ဝင်ပြီး ပို့ဆောင်ရေးမှ အေးနန္ဒာလှိုင်၊ သက်သက်ဝင်းနှင့် မြင့်မြင့်အေးတို့သာ ဂိုးဝင်ပြီး စုငြိမ်းအေး ကန်သွင်းသည့် စတုတ္ထမြောက်အလုံး ဘားတန်းပေါ် ကျော်သွား၍ ပြည်ထဲရေးကခြောက်ဂိုး-လေးဂိုးဖြင့် ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းမှာ ချန်ပီယံဆုကို သုံးကြိမ်ဆက်တိုက် ဆွတ်ခူးခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးမှူး ဦးတင်အောင်(ဂိုး)က တတိယဆုရ အား/ကာသိပ္ပ (မန္တလေး)အသင်းအား ဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒုတိယဆုရ ပို့ဆောင်ရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို လည်းကောင်း၊ ဆုကြေးငွေကျပ် ခြောက်သိန်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ပြည်ထဲရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၁၀ သိန်း၊ တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ ပထမအကျော့၊ ဒုတိယအကျော့ အမှတ်ပေးပြိုင်ပွဲပုံစံဖြင့်ကျင်းပခဲ့ပြီး အမှတ်အများဆုံးနှစ်သင်း ယခုကဲ့သို့ ဗိုလ်လုပွဲကစားရခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

သက္ကလ အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

သက္ကလ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေပြီး သက္ကလ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ရှိထင်ရှားရှိကြသည့် အသက်(၅၇)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲကို မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် သက္ကလ အထကခန်းမ၌ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်မောင်စန်း သက္ကလ ဖုန်း-၀၁-၂၄၇၈၈၆၊ ဦးမင်းအောင် သက္ကလ ဖုန်း-၀၁-၂၄၇၁၉၈၊ ဦးစိုးဦး ပဲခူး ဖုန်း-၀၅၂-၂၃၃၇၉၊ ဦးခင်ကျော်ဝင်း ရန်ကုန် ဖုန်း-၀၁-၅၄၈၀၂၅၊ ဒေါ်မြင့်မြင့်စိန် ရန်ကုန် ဖုန်း-၀၁-၆၆၇၁၈၃ နှင့် ဦးကျော်လင်းထွန်း ဖုန်း-၀၉-၅၁-၆၀၄၅၆၊ ၀၁-၂၄၉၆၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် မတ် ၄

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် မတ် ၅ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် သာမဏေကျော် စာပြန်ပွဲဓမ္မသဘင်၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည် ဖြစ်သည်။ **(က-ပ)**

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် မတ် အထူးတရားပွဲကျင်းပမည်ဖြစ်ရာ မတ် ၇ ရက်နှင့် ၈ ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် အရှင်နရပတိက လည်းကောင်း၊ မတ် ၉ ရက်နှင့် ၁၀ ရက်တွင် တိုက်ကြီးမြို့ မြစိမ်းတောင်ဆရာတော် အရှင်ဇနေယျက လည်းကောင်း၊ မတ် ၁၁ ရက်တွင် သဒ္ဓမ္မဝံသပါလ ဓမ္မာစရိယ သာသနဓဇ ဓမ္မာစရိယ အရှင်ကောသလ္လ(ဇလွန်)ကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ရာ တရားနာယူနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

အသင်းလိုက်ပြိုင်ပွဲ၊ အသက်(၁၂)နှစ်၊(၁၄)နှစ်နှင့် (၁၆)နှစ်အောက် တင်းနစ်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မတ် ၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Co., Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အသင်းလိုက်ပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက်၊ (၁၄)နှစ်အောက်နှင့် (၁၆)နှစ်အောက်ပြိုင်ပွဲတို့ကို မတ် ၂၂ ရက်မှ ၂၇ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကစားခွင့်

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း နှစ်ပွဲ၊ နှစ်ယောက်တွဲ တစ်ပွဲ ကစားခွင့်ပြုမည်။ အသင်း တစ်သင်းလျှင် အားကစားသမား အနည်းဆုံးလေးဦးနှင့် အများဆုံးငါးဦး ပါဝင်ယှဉ်ပြိုင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦး၊ အများဆုံး ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသက်(၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်အောက် လူငယ် အမျိုးသား/အမျိုးသမီး တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ(က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ အသက်(၅၀)နှင့်အထက် လက်ရွေးစင်ဟောင်းများတစ်ဦးနှင့် အသက်(၆၀)နှင့်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

စီစဉ်ဆောင်ရွက်

ပြိုင်ပွဲသို့ နယ်မှလာရောက်ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၊ လူငယ်သက်တမ်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် နေထိုင်ရေးတို့ကို တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းစီမှ တာဝန်ရှိသူ တစ်ဦးစီ တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)

၅-၃-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ချောင်းမငယ်ရေလှောင်တမံ
- ၈:၂၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၃။ မြန်မာ့ခလေ့ ရိုးရာလက်ဖွဲ့
- ၁၉:၀၅ ၁၄။ **ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၁၉:၁၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၉:၃၅ ၁၆။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၇။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှု **မိုးယံမှ ကြယ်အမှတ်စဉ်(၂) နာဂဒေသနှင့် လေဝေယံ-လေရှီးဒေသသို့ စည်းရုံးရေးနှင့် ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်** (အပိုင်း-၁)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **တကယ်ချစ်တာ ယုံပါ** လွင်မိုး၊ နန္ဒာလှိုင် [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

မြန်မာ Amateur Open တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲစတင်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာ Amateur Open တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Open Golf Championship 2008)ကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး အချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ပဉ္စမလိုက်

အောင်ဝင်းက ၇၂ ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက ၇၃ ချက်ဖြင့် တတိယ၊ ဒဲရစ်ထက်ဒိုးက ၇၄ ချက်ဖြင့် စတုတ္ထလိုက်နေကြပြီး ရန်နိုင်ဖြိုး၊ မောင်မောင်ဦး၊ ကျော်စိုးဝင်း၊ ရန်မျိုးအေးနှင့် မင်းသူရအောင်တို့က ပဉ္စမလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Dagon Brewery Ltd.၊ Han Golf Master Pte., Ltd. နှင့် Srixon တို့က ပါဝင်ကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမေးပွဲကို ဘယ်လိုဖြေကြမလဲ

ဦးလှကျော် (အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

စာမေးပွဲဆိုသော အသံကိုကြားရသည့် စာမရသော စာသင်သားများသည် ကြောက်ဒူးတုန်ကာ ကြောက်ဖျားဖျားကြဦးမည်လား။ စာမေးပွဲသည် စာကိုမေးသောပွဲပင်ဖြစ်ရာ စာရနေသော စာသင်သားအဖို့ "နင်လားဟဲ့ စာမေးပွဲ" ဟု စိန်ခေါ်နိုင်မည် ဖြစ်ပါသည်။ စာမရသူ၊ စာမကျက်သူအဖို့ ကြောက်မည်ဆိုက ကြောက်မည်။ အတန်းတင်စာမေးပွဲသည် စာသင်သားအဖို့ တစ်နှစ်တာကြိုးစားပြီး ခဲလေသမျှ သဲရေကျကာ စာမေးပွဲရှုံးရမည်ဆိုလျှင် အဘယ်မျှ စိတ်ပျက်ဝမ်းနည်း ကြလေမည်နည်း။

ထိုသို့ဆိုလျှင် စာမေးပွဲအောင်ဖို့ အောင်ရန်နည်းလမ်းများ ရှာဖွေဖော်ထုတ်ကာ အစွမ်းကုန်လိုက်နာ၍ ကြိုးစားပေမည်။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ၂၀၀၈ခုနှစ်၊ မတ်လ ၁၀ရက်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။

စာသင်သားတိုင်း ဖြေဆိုရမည့်စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ရမည်၊ အောင်စိတ်ကိုဆောင် အောင်ရမည်ဟု ကြုံးဝါးထားရမည်၊ ဤကား အဓိကအခြေခံစိတ်ဓာတ်တည်း၊ အောင်မြင်လိုစိတ်ရှိက မုချအောင်ရမည်။ အောင်အောင် ကြိုးစားရမည် ဖြစ်ပါသည်။

စာမေးပွဲအောင်ရန် နည်းလမ်းများကား အဘယ်နည်း။ ဦးစွာပထမ ပြဋ္ဌာန်းထားသော သင်ခန်းစာများကို ကျေညက်နေအောင် ကျက်ထားရမည်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို ပြန်လည်ကျက်မှတ်ရမည်။ ဆရာများ ပြန်လည်သင်ကြားရေးကို ဝါယမစိုက်ကာ သင်ကြားသည့်အခါတိုင်း တက်ရောက်နာယူရမည်။ ဆရာသည် မိမိတပည့်စာမေးပွဲ အောင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားနေမည့်သူ ဖြစ်ပါသည်။ တွက်ချက်ရမည့် ပုစ္ဆာ၊ ကျက်မှတ်ရမည့်စာ၊ ဆွဲရမည့်ပုံ စသည်တို့ကို အပ်ကျမပ်ကျ၊ သေချာကျနအောင် သင်ကြားပေးပါမည်။ ဒုတိယအချက်မှာ မေးခွန်းဟောင်းများကို ရွေးချယ်ကာ လေ့လာရမည်။ စာမေးပွဲနီးချိန်တွင် အလျှိုလျှိုထွက်ပေါ်လာသော တစ်ကြိုမေးခွန်း၊ ခန့်မှန်းမေးခွန်းများကို လျစ်လျူရှုရပါမည်။ စာမေးပွဲအောင်ရန် ဖြတ်လမ်းမရှိပါ။ အချောင်လည်းမအောင်နိုင်ပါ။ မိမိ၏ကြိုးစားမှုနှင့် ဆရာ၏သင်ကြားမှုဖြင့်သာ အောင်နိုင်ပါသည်။

ဆရာသင်ကြားပို့ချလိုက်သော သင်ခန်းစာများကို စာသင်သားအချင်းချင်း ဆွေးနွေးခြင်း(Discussion)ဖြင့် ကျက်မှတ်ရန်ဖြစ်ပါသည်။ စာသင်သားတစ်ဦးတည်း ကျက်မှတ်နေခြင်းထက် အချင်းချင်းစုပေါင်း ကျက်မှတ်ဆွေးနွေးခြင်းက ပိုမိုထိရောက်ပါသည်။ တစ်ဦးမသိသည်ကို တစ်ဦးသင်ပြခြင်း၊ ရှင်းပြခြင်း၊ တစ်ဦးကပြန်လည်ဆွေးနွေးကာ အပြန်အလှန်ဆွေးနွေးပါက စာကျက်ရလွယ်ပါသည်။ ပိုမိုထိရောက်၍ ပျော်စရာလည်းကောင်းပါသည်။ ယခုခေတ် စာကျက်ဝိုင်းဟု ဆိုရပါမည်။ သင်္ချာကိုလည်း စုပေါင်းတွက်ခြင်းဖြင့် အလွယ်တကူတတ်မြောက်နိုင်ပါသည်။

စာမေးပွဲတည်းဟူသော ပညာရေးတိုက်ပွဲကို အောင်မြင်အောင် တိုက်ရန်နည်းလမ်းကောင်းများ၊ နည်းစနစ်များကို ရှာဖွေရပေမည်။ နည်းစနစ်မှာ အခြားမဟုတ် မေးခွန်း၏လှည့်ကွက်၊ မေးခွန်း၏ဆိုလိုရင်းကိုသိရန် ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစားရန်လိုပါသည်။ မေးခွန်းကို စိတ်အေးတည်ငြိမ်စွာဖတ်ပါ။ မေးခွန်းများကို အနည်းဆုံး သုံးကြိမ်ဖတ်ပါ။ ဘာမေးသည်ကို အသေအချာ သိအောင်စဉ်းစားပါ၊ တိကျသောအဖြေကိုရှာပါ။ နာနာကျက်ထားသော သင်ခန်းစာထဲမှ ထုတ်နုတ်၍ စီကာရီကာဖြေဖို့ စဉ်းစားပါ။ လှည့်ထားသော မေးခွန်းဖြစ်ပါက ပို၍ဂရုစိုက်ပါ။ ရိုးစင်းသော မေးခွန်းနှင့်မတူပါ။ အထူးစဉ်းစားရမည်။

ဖြေဆိုသည့်အခါ လွယ်သောအပုဒ်မှ စဖြေပါ၊ အထူးသဖြင့် တွက်ချက်ရသော သင်္ချာ၊ ရူပဗေဒဘာသာရပ်များကိုလည်း မေးခွန်းတွင် မေးထားသော ဂဏန်းများအကူးမှားပါက အဖြေမထွက်နိုင်ဘဲ ဖြစ်တတ်ပါသည်။ အထူးသတိပြုရန်မှာ တွက်၍အဖြေမထွက်သောအပုဒ်ကို ထပ်ခါထပ်ခါ တွက်ခြင်းဖြင့် အချိန်ကုန်မခံပါနှင့် အခြားရနိုင် လွယ်ကူသောအပုဒ်ကို ဆက်တွက်ပါ။ မေးထားသည့်ပုစ္ဆာများကို အပုဒ်စေ့ဖြေနိုင်အောင် ကြိုးစားပါ။ တစ်ဝက်တစ်ပျက်တွက်နိုင်ပါက "ခြစ်"မပစ်ပါနှင့် တွက်ချက်မှုအဆင့်ဆင့် အမှတ်ပေးပါသည်။

စာမေးပွဲမေးခွန်းထုတ်သူသည် မေးခွန်းကို ပြဋ္ဌာန်းစာအုပ်ထဲမှ ထုတ်ထားခြင်းဖြစ်ရာ ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံး ကျေညက်နေပါက ပူပင်စရာမလိုပါ၊ ဖြေနိုင်ရမည်။ မမေးသေးသောမေးခွန်း၊ မမေးနိုင်သောမေးခွန်း၊ မေးပြီးသောမေးခွန်းဟူ၍ မရှိပါ၊ မေးခွန်းထုတ်သူက ကြိုက်ရာမေးပါစေ ပြဋ္ဌာန်းစာအုပ်ကို ပိုင်ထားလျှင် ကြောက်စရာမရှိပါ။ အားလုံးဖြေနိုင်ရမည်။

ပုံဆွဲရသည့် ပထဝီ၊ ဇီဝဗေဒ စသောမေးခွန်းများအတွက်ပုံများကို သေချာကျနစွာဆွဲပါ။ ပုံများကို အမှတ်ပေးအပုဒ်စေ့အောင်ဖြေပါ။ မိမိဖြေဆိုနေသော ဘာသာရပ်အတွက် မည်သည့်အပိုင်းကို အရေးပေးရမည်။ မည်သည့်အပိုင်းကို ပါဝင်အောင်ရေးရမည်ကို သတိထားစဉ်းစားပါ။ မလိုအပ်သော အကြောင်းအရာများကို မစဉ်းစားဘဲရေးနေပါက အချိန်ကုန်ပြီး အမှတ်မရနိုင်သည်ကို အထူးသတိပြုရမည်။ မိမိဖြေဆိုသော အပုဒ်ကို တိကျပြည့်စုံအောင်ဖြေပါ။ အချက်အလက် ပေါ်လွင်အောင်ရေးပါ။ စာစစ်သူက အဖြေလွှာကိုစစ်သည့်အခါ အမှတ်ပေးစည်းမျဉ်းတွင် ပါသည့်အချက်ကို အမှတ်ပေးပါသည်။

ဖြေဆိုရာတွင် လက်ရေးကို မကြီး၊ မသေး၊ မကျယ်၊ မကျဉ်းရေးပါ။ သေးလွန်းက စာစစ်အိုကြီးများက စိတ်မရှည်ပါ။ လက်ရေးကို ပန်းချီဆန်ဆန် လှအောင်ရေးဖို့မလိုပါ။ ပီသ၊ သပ်ရပ်၊ ရှင်းလင်းအောင်ရေးက စာစစ်သူက အမှတ်များများပေးပါသည်။ ဖြေပြီးသော အဖြေများကို (အချိန်ရလျှင်) အကြမ်းဖျင်း တစ်ခေါက်ပြန်ဖတ်ပါ။ စာကျန်များကို ဖြည့်စွက်ပါ။

စာမေးပွဲဖြေခါနီးမှ ညမအိပ်၊ နေ့မနားဘဲ ကျက်မှတ်နေပါက စာမေးပွဲဖြေချိန်တွင် ဖျားနာနေမည်ကို အထူးသတိပြုပါ။ ဆေးရုံတွင် ဖြေကြရသော စာဖြေသူများ နှစ်စဉ်တွေ့ရပါသည်။ ဖျားနာနေရင် စာဖြေရလျှင် တစ်ပန်းရှုံးပါသည်။ ဦးနှောက်အသုံးပြုရသော စာဖြေရသူများအဖို့ မလွယ်ကူလှပါ။ စာဖြေချိန်တွင် ကျန်းမာ၍ ဦးနှောက်ကြည်လင်ကာ လန်းဆန်းတက်ကြွနေရပါမည်။ ထို့ကြောင့် စာမေးပွဲနီးသောအချိန်တွင် ကျန်းမာရေးကို ဂရုစိုက်ရမည်။ အိပ်ရေးပျက်မခံဘဲ စာမှန်မှန်ကျက်ဖို့ လိုအပ်ပါသည်။ အိပ်ရေးဝအောင်အိပ်ပါ။

စာမေးပွဲဖြေချိန်တွင် ကိုယ်ရောစိတ်ပါ ကျန်းမာနေရမည်ကို နှလုံးသွင်းပါ၊ ကျက်ထားသောစာများကို ဖြေနိုင်ဖို့အဆင်သင့် ပြင်ဆင်ထားရမည်။

စာမေးပွဲဖြေချိန်တွင် အလွန်သစ်လွင်သော အင်္ကျီအဝတ်အစားများကို ဝတ်ရန်မလိုပါ။ အလွန်ကျပ်သော အင်္ကျီ၊ လက်ကွေးရန်၊ ဆန့်ရန်မရသော အင်္ကျီကို လုံးဝမဝတ်ပါနှင့်။ စာဖြေရာတွင် သက်သောင့်သက်သာ အဝတ်များကို ဝတ်သွားပါ။ စာမေးပွဲအချိန်စာရင်းကို စာကြည့်စားပွဲပေါ်တွင် ထားပါ။ ဘယ်နေ့ ဘယ်ဘာသာ ဖြေရမည်ကို သတိပြုပါ။ ဖြေရမည့်ဘာသာလွဲမှားပြီး စာကျက်သွားပါက အခက်အခဲတွေ့၍ စိတ်အနှောင့်အယှက်ဖြစ်မည်။ စာဖြေသွားရာတွင် စာရေးကိရိယာများ အစုံအလင်ယူသွားပါ။ ဘောပင်ကိုလည်း အနည်းဆုံး သုံးချောင်းလောက် ဆောင်ထားသင့်သည်။ စာဖြေခန်းတွင် လိုအပ်သောပစ္စည်း မပါခဲ့ပါက ဌားရမ်းနေရမည်ကို သတိပြုပါ။ စာဖြေချိန်မတိုင်မီ စာဖြေဌာနသို့ မိနစ်(၃၀)ကြို၍ ရောက်ရန်လိုပါသည်။ စာဖြေချိန်နီးမှ ကမန်းကတန်း ရောက်လာပါက စိတ်ရောကိုယ်ပါ ပူပင်သောက ရောက်ရပါမည်။ မိမိနေအိမ်နှင့် စာစစ်ဌာန အကွာအဝေးကို သတိပြုပြီး စောစောထွက်ရန် လိုအပ်သည်။ သွားရောက်ရာတွင် ကားစောင့်ရခြင်း၊ မီးပွိုင့်မိခြင်း ရှိသည်ကို သတိပြုရမည်။ ကိုယ်ပိုင်ကားဖြင့် သွားရလျှင်လည်း လမ်းခရီးတွင်ကြန့်ကြာမည့်အချိန်ကို တွက်ဆသွားပါ။ လိုင်းကားစီးရလျှင်လည်း ကားပျက်နေပါက တက္ကစီနှင့်သွားရန် ငွေဆောင်သွားပါ။ မိမိဖြေရမည့် အခန်းနားမှာ နေပါ။

အရေးကြီးဆုံးမှာ ပထမနေ့တွင် ဖြေဆိုခွင့်ကတ်ပြားကို မမေ့ပါနှင့်။ စာဖြေချိန်နီးမှ ကတ်ပြားပြန်ယူရလျှင် ဇနာရီခွဲကျော်လွန်က ခွင့်ပြုမည်မဟုတ်ပါ။ မိမိဖြေရမည့် စာရေးစားပွဲနှင့် ထိုင်ခုံလှုပ်နေပါက စာရေးရန်အဆင်မပြေ၍ သက်ဆိုင်ရာ လက်ထောက်ကြီးကြပ်ရေးမှူးကို အကူအညီတောင်းပါ။ (စာဖြေသူ၏ အခွင့်အရေးဖြစ်ပါသည်) မိမိဖြေနေသော အခန်းသည် အလွန်မှောင်နေလျှင် တင်ပြရမည်။ တစ်ခါတစ်ရံ ပြတင်းပေါက်ဖွင့်ထားပါက မျက်နှာပေါ်နှင့် စာရေးစားပွဲပေါ်သို့ နေရောင်ထိုးနေလျှင်လည်း အကာအရံရအောင် ချက်ချင်းတင်ပြပါ။ အားနာရန် မလိုပါ။

အဖြေလွှာပေါ်တွင် ခုံနံပါတ်ကိုမှန်အောင်ရေးပါ၊ မေးခွန်းရသောအခါ စိတ်အေးအေးထားပြီးဖတ်ပါ။ မေးခွန်းဖတ်ရန် အချိန်ရပါသည်။ အလောတကြီး ကမန်းကတန်း ဖုတ်ပူမီးတိုက် အလျင်စလို မဖတ်ပါနှင့်။

စာတွေကျက်ထား၍ ဖြေနိုင်အောင် ကြိုးစားရမည်။ မေးခွန်းကို နားလည်အောင် ထပ်ကာထပ်ကာ ဖတ်ပါ။ အဖြေကိုစဉ်းစားပြီး မနှေး၊ မမြန်ရေးပါ။ လက်ရေးကို ပီသရှင်းလင်းအောင် ဖတ်၍ရအောင်ရေးပါ။ လက်ရေးကို ဖြစ်ကတတ်ဆန်း မရေးပါနှင့်၊ မေးခွန်းကို အပုဒ်စေ့ဖြေပါ။ မရလျှင်လည်း ရသလောက်ရေးပါ။ ရေးသလောက် အမှတ်ရပါသည်။

တွက်ချက်ရသော ပုစ္ဆာများ၏မေးခွန်းမှ ကူးရေးရသောဂဏန်းများကို မှန်အောင်ကူးပါ။ သင်္ချာသည် တိကျမှန်ကန်ရမည်ဖြစ်၍ တိကျမှန်ကန်အောင် စဉ်းစားတွက်ချက်ပါ။ အလောမကြီးပါနှင့်၊ သင်္ချာဖြေရမည့်နေ့ မတိုင်မီညတွင် အိပ်ရေးဝအောင်အိပ်ပါ။ ညလုံးပေါက်တွက်ချက်နေပါက နံနက်အိပ်ရာထလျှင် ဦးနှောက်မကြည်လင်ဘဲ စာဖြေခန်းတွင် လုံးဝစဉ်းစား၍မရဘဲ ဖြစ်နေတတ်ပါသည်။

စာဖြေရန် စည်းကမ်းချက်များကို လိုက်နာပါ။ ခိုးချခြင်း၊ စကားပြောခြင်း၊ လက်ဟန်ခြေဟန်ဖြင့် ပြခြင်းများကိုရှောင်ပါ။ မိမိထံမှ ခိုးချရန် အကူအညီတောင်းပါက မပေးပါနှင့်၊ မိမိကိုယ်တိုင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်သာ ဖြေဆိုရန်လိုအပ်သည်။ ခိုးချရန် စာရွက်စာတမ်းများကို လုံးဝမယူသွားပါနှင့်။ ခိုးချ၍မိသွားပါက တစ်နှစ် သို့မဟုတ် နှစ်နှစ် စာဖြေခွင့်ကို ပယ်ခြင်းခံရမည်ဖြစ်သည်။

မေးခွန်းသည် အချိန်ကိုက်မေးထား၍ အချိန်ကိုသတိပြုရမည်။ ဥပမာ မေးခွန်းခြောက်ပုဒ် သုံးနာရီခွင့်ပြုထား၍ တစ်ပုဒ်လျှင် မိနစ် ၃၀သာရမည်။ မေးခွန်းတစ်ပုဒ်ကို စဉ်းစားချိန်၊ ရေးချိန်၊ ပြန်ဖတ်ချိန်မိနစ်၃၀သာရ၍ အချိန်ကို ချင့်ချိန်၍ဖြေပါ။ ဥပမာ မေးခွန်းတစ်ပုဒ်ကို ၄၅မိနစ်ဖြေနေပါက အခြားမေးခွန်းအတွက် ၁၅ မိနစ် လျော့သွားမည်။ တိကျနီးစပ်သည့်အဖြေကို ပေးထားသောအချိန်အတွင်း ပြီးအောင်ဖြေရန်ကြိုးစားပါ။ သို့မှသာ အပုဒ်စေ့ဖြေနိုင်မည်။

စာဖြေချိန်ခြောက်ရက်အတွင်း အစားအသောက်၊ အနေအထိုင်၊ အသွားအလာကို အထူးသတိပြုရန် အရေးကြီးပါသည်။ ဖေဖော်ဝါရီလ သတင်းစာများတွင် ဖော်ပြခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘာသာစုံ သိကောင်းစရာများကို ဖတ်ဖြစ်အောင်ဖတ်ပါ။ တပည့်များအတွက် အကျိုးရှိပါသည်။

ချစ်သော စာသင်သားတပည့်များ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးများလည်းရပါစေဟု မေတ္တာရေလောင်းလိုက်ပါသည်။

အောင်ပါစေသတည်း၊ အောင်စေသတည်း။

စာကြွင်း - အထူးသတိပြုရန်မှာ ဖြေဆိုခွင့်ကတ်ပြားကို သေချာစွာ သိမ်းထားရန် လိုအပ်ပါသည်။ အစိုးရိမ်လွန်၍ ဘုရားစင်ပေါ်တွင် တင်ထားသော ကျောင်းသူတစ်ဦး၏ကတ်ပြားတွင် ဓာတ်ပုံ၌ကပ်ထားသောကော်အား ကြွက်ကိုက်စားသဖြင့် ဓာတ်ပုံပျက်စီးသွားသည်ကို လက်တွေ့ တွေ့ခဲ့ရဖူးပါသည်။ ။

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ပေါက်ခေါင်းမြို့နယ် အပိုင်းပေါ်ရှိ ငါးမြွေဇင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် အင်ဂျင်နီယာမှူးဦးသိန်းဇော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သာသနာ့နုဂ္ဂဟ ပရိယတ္တိစာပြန်ပွဲဖွင့်

ကော့သောင်း ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ပြည်တော်အေးစေတီတော်ကြီး သာသနာ့ဗိမာန်တော်၌ အဌမ အကြိမ်မြောက် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သာသနာ့ နုဂ္ဂဟပရိယတ္တိ စာပြန်ပွဲကြီးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက်ဇနာရီက ကျင်းပသည်။

ပါဝင်ဖြေဆိုတော်မူ

အခမ်းအနားတွင် တိုင်း သံဃမဟာနာယကအဖွဲ့ဝင် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သာသနာ့နုဂ္ဂဟ ပရိယတ္တိစာပြန် စာမေးပွဲ ဩဝါဒစရိယ ရွှေပြည်သာ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပါမောက္ခ အရှင်သူမြတ်ထံမှ တက်ရောက်လာသူများကငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ကော့သောင်း မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့၏ ဆောင်ရွက်ချက်များကို စာပြန်ပွဲဖြစ်မြောက်ရေးအဖွဲ့ နာယက နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ထွန်းက တင်ပြလျှောက်ထားရာ စာပြန်စာမေးပွဲ ဩဝါဒါစရိယနာယက ဆရာတော်က ဩဝါဒကထာ ပြန်လည်မြွက်ကြားသည်။ အဆိုပါ စာပြန်ပွဲကြီး၌ စာဖြေသံဃာတော် ၅၄ပါး ပါဝင်ဖြေဆိုတော်မူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

(၇၇) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း(ဗိုလ်ကြီး-ငြိမ်း) **(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၂၂ရက်က တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ (၇၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၉/၂၀၀၈
၁၃၆၉ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်)

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်–

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဦးစီးအရာရှိ	၅၀ နေရာ	ဝါဏိဇ္ဇဘွဲ့(B.Com)/ စာရင်းကိုင်ပညာဘွဲ့(B.Act)/ စီးပွားရေးပညာဘွဲ့(B.Econ)/ စိုက်ပျိုးရေးသိပ္ပံဘွဲ့(B.Agr.Sc)/ ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) [(B.A) (Business Science)]/ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ/အသက်မွေးလုပ်ငန်းသုံး အင်္ဂလိပ်စာ)[B.A (English/ EOP/ EPP)]/ ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး ပညာ) [B.A (International Relation)]/ ဝိဇ္ဇာဘွဲ့(စီးပွားစီမံပညာ) [B.A (Business Management)]/ ဝိဇ္ဇာဘွဲ့(စီးပွားရေး)[B.A(Eco)]/ ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)/ သိပ္ပံဘွဲ့(သင်္ချာ) [B.Sc (Maths)] ရရှိသူ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၆–၃–၂၀၀၈ရက်တွင် အသက်၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ **လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၂၆–၃–၂၀၀၈ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၂၀၀/– ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၈–၅–၂၀၀၇ရက်စွဲပါ စာအမှတ် ၆၉၆/ ရွေးချယ်ရေး (အဓိက)/၂၀၀၇ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်**တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၂၆–၃–၂၀၀၈နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၇–၆–၂၀၀၈နေ့နှင့် ၈–၆–၂၀၀၈ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၅–၆–၂၀၀၈နေ့မှစ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့် **"သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ရုံးအမှတ်(၁၆) နေပြည်တော် (တယ်လီဖုန်း အမှတ်– ၀၆၇–၄၁၀၃၃၆ နှင့် ၀၆၇–၄၁၀၂၂၃)"**သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇–၄၀၉၀၅၂ နှင့် ၀၆၇–၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb. imis. com.mm နှင့် www.csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အရှင်နန္ဒာစရိယ(ခက်သင်)အထူးတရားပွဲ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၃၀၂)အတွင်း နှစ်စဉ်ကျင်းပသော မဟာသင်္ကြန် အထူးတရားစခန်းပွဲအဖြစ် ဧပြီ၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တရားစခန်းပွဲ၌ ရဟန်းခံ၊ သီလရှင်ဝတ်လိုသူများ ဦးအောင်မြင့်–ဒေါ်ထွေးကြည်တို့က ပရိက္ခရာများ လှူဒါန်းမည်ဖြစ်ရာ မည်သူမဆိုကြိုတင် စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော အဘိုးအဘွား၊ မိဘများအားဦးထိပ်ထား၍ ဦးကျော်ကျော်–ဒေါ်ခင်လေးနွယ်၊ သား မောင်စည်သူထွန်း မိသားစုက အလှူငွေကျပ်၁၅၀၀၀၀ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်ကြီးမြို့ ပြည်သာ ယာဥ်စက်ပြင် အလုပ်ရုံဖွင့်လှစ်

တောင်ကြီး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့် ပြည်သာ ယာဉ်စက်ပြင် အလုပ်ရုံကို ဖေဖော်ဝါရီ ၁ရက်မှစတင် ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၈ရက်တွင် တောင်ကြီးမြို့ ပြည်သာ ယာဉ်စက်ပြင် အလုပ်ရုံတွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များပြုပြင်ခြင်းကို ညွှန်ကြားရေးမှူး ဦးတင်ချိုက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများသို့ရှင်းလင်းပြသခဲ့သည်။ **(အောက်ပုံ)**

(ပြည်နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖြူးမြို့နယ်၌အဆောက်အအုံသစ်ဖွင့်

ဖြူး ဇန်နဝါရီ ၂၆

ဖြူးမြို့နယ်၏ ကြူးအင်းကျေးရွာအုပ်စု ကျေးရွာ ဖိုးရာဇာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသက်နိုင်ဦးနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူးဒေါ်ဆွေဆွေမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီးနောက်မြို့နယ် ဦးစီးမှူးဒေါ်ဆွေဆွေမိုးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ရှင်းလင်းဟောပြောသည်။

ထို့နောက် အလှူရှင်များက စာအုပ်၊ စာစောင်များ လှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘိုသိန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ၁၅ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဖြူးကုန်းကျေးရွာ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းရန် ပြင်ဆင်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရန်မီးသတ် တပ်စုမှူး မွမ်းမံသင်တန်းဆင်းပွဲ ရေးမြို့ ကျင်းပ

ရေး ဖေဖော်ဝါရီ ၂၅

ရေးမြို့နယ် အရန်မီးသတ် တပ်စုမှူး မွမ်းမံသင်တန်း(၁/၂၀၀၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သင်းတန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များနှင့် ဆုများကို ချီးမြှင့်သည်။ **(အောက်ပုံ)** ထို့နောက် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသုံးခွဲလျှင် အသိဃာဥ် အစဥ်သတိ အမြဲရှိ

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၁/ ၂၀၀၈) ကျင်းပ

နေပြည်တော် မတ် ၄

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး(၁/ ၂၀၀၈)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

အမှာစကားပြောကြား

သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး(၁/ ၂၀၀၈) တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား